ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ သောကြာနေ့ (18-4-2014) (၇၁၁၄)

**ထူးခြားသည့်နေ့အပူချိန်များ**

| | |
|---|---|
| မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ကလေးဝ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ကန့်ဘလူ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ ဒီဂရီစင်တီဂရိတ် |

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ၏ ဥပသမ္ပဒမင်္ဂလာဘိသေကနှင့် သာမဏေရပဗ္ဗဇ္ဇအဘိသေက မင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ၏ ဥပသမ္ပဒမင်္ဂလာ ဘိသေကအခမ်းအနားနှင့် သာမဏေရပဗ္ဗဇ္ဇ အဘိသေကမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများ၏ မိဘများနှင့် မိသားစုများတက်ရောက်ကြသည်။

အခမ်းအနားတွင် သဘင်အနုပညာရှင် မန္တလေးသိန်းဇော်က မြန်မာ့ဆိုင်းပညာရှင် ထပ်ဆင့်အကယ်ဒမီ စိန်မွတ္တား မင်္ဂလာဆိုင်းဝိုင်းနှင့် တွဲဖက်၍ ရဟန်းလောင်းများနှင့် ရှင်သာမဏေ လောင်းများအား မင်္ဂလာဘိသိက် သွန်းလောင်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများ၊ တက်ရောက်လာကြသူများအား အောင်သပြေပန်းဖြင့် နံ့သာရေစင်များ ပက်ဖျန်းပေးစဉ်။

(သတင်းစဉ်)

# မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ကုန်ဆုံး၍ ၁၃၇၆ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသော မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယဖြစ်သည်။ နှစ်သစ်မင်္ဂလာနေ့(ယနေ့)တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌ လည်းကောင်း၊ မြို့နယ်၊ ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများ၌ လည်းကောင်း နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးမြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုစုပေးခြင်း၊ ဘုရားပုထိုးစေတီကျောင်းကန်ဓမ္မာရုံများသို့သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူပြည်သူများအား စတုဒိသာဒါနပြုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနသက်လွှတ်ပွဲများကျင်းပခြင်း၊ သွေးလှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မြန်မာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအတိုင်း စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်၍ ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထိုသို့ ကုသိုလ်ပွားများရာ၌ ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်းတောင်ပြင်ထီးလင်းတိုက် ရေတော်ဆရာတော် သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

(၁၇-၄-၂၀၁၄)

ကော့သောင်း
၁ ဒသမ ၃၇ လက်မ
ဘော်လခဲ
သုည ဒသမ ၂၀ လက်မ



ကြေးမုံစာတည်းရှုထောင့် ၁၈-၄-၂၀၁၄၊ သောကြာနေ့

# နိုင်ငံ့အတွက် အား(၃)အား

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရင်းအမြစ်ပေါင်းများစွာ လိုအပ်ပေသည်။ ထိုအရင်းအမြစ်များအနက် ဖော်ပြပါအရင်းအမြစ်(၃)မျိုးမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဖော်ဆောင်ရမည့် အရင်းအမြစ်များဖြစ်သည်။

ထိုအရင်းအမြစ်များသည် ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုတွင် အခရာကျသည့်စွမ်းအားအရင်းအမြစ်(၃)မျိုးပင်။ တစ်နည်းဆိုရသော် ခိုင်ခံ့သည့်အား(၃)အား။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ထောက်မပေးသွားမည့်အဓိကမဏ္ဍိုင် (Piller) များဆိုလည်း မမှားနိုင်ပါ။

သဘာဝအရင်းအမြစ်သည် မိမိတို့နိုင်ငံတွင် အထူးပေါကြွယ်လှပေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများသည် နိုင်ငံသားများအတွက် ထာဝစဉ်ပေးဆပ်နေသည့် ကျေးဇူးရှင်များဖြစ်သည်။ ထိုသို့ ကျေးဇူးပြုသော သဘာဝအရင်းအမြစ်များ စနစ်တကျသုံးစွဲရန်လိုအပ်သလို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လည်းလိုသည်။

လူ့စွမ်းအားအရင်းအမြစ်သည်လည်း အပြည့်အဝ ရှိပြီးဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ သတိပြုသင့်သည့်အချက်မှာ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်ရှိနေခြင်းပင်ဖြစ်သည်။ ကျေးလက်ဒေသမှ လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့အသုံးပြုနိုင်ကြရမည်။ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကွာဟချက်ကို လျော့နည်းစေနိုင်ပါမှ နိုင်ငံဖွံ့ဖြိုးမှုရုပ်လုံးပေါ်လာမည်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာပြီး နိုင်ငံတိုးတက်ရေးတွင် အမာခံ "အား"ဖြစ်လာနိုင်ပါမည်။

နည်းပညာအရင်းအမြစ်များမှာ အားနည်းနေဆဲဟု ဆိုရပါမည်။ မိတ်ဆွေ နိုင်ငံများမှ အထောက်အကူရယူကြရာတွင် "ရော့ ပတ္တမြား၊ ရော့ နဂါး" ပုံစံမျိုးရှိနိုင်သလို စေတနာသက်သက်နှင့်ကြည်ဖြူစွာ ပံ့ပိုးမှုမျိုးလည်း ရရှိနိုင်ပါသည်။ ကမ္ဘာ့ရွာမိသားစု၏ နွေးထွေးမှုဖြစ်သည်။ သို့သော် ရယူရုံသက်သက်နှင့်လာသော ဧည့်သည်တချို့ကို ကျွန်ုပ်တို့စိစစ်နိုင်ကြရပါလိမ့်မည်။ တချို့ဆိုလျှင် ပြဿနာပါထားခဲ့ကြသူများ ဖြစ်နေတတ်သည်။

မျက်မှောက်ကာလနည်းပညာခေတ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် မပြည့်စုံသေးပါ။ အရေးကြီးသည်မှာ နည်းပညာဖြစ်သည်။ နည်းပညာအားနည်းခဲ့မှုကြောင့် ကျွန်ုပ်တို့သူ့ကျွန်ဘဝကို ရောက်ခဲ့ရပြီးပြီ။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ဒေသတွင်းဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်ခဲ့ရာတွင် နည်းပညာ အားနည်းမှုသည်လည်း အကြောင်းရင်းတစ်ရပ်ဟု တစ်ထစ်ချပြော၍ ရနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ရှိရင်းစွဲ သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် အနှောင်အဖွဲ့ကင်းရှင်း သန့်ရှင်းသန့်စင်သည့် နည်းပညာအရင်းအမြစ်များရယူပေါင်းစပ်ပေးနိုင်ပြီဆိုပါလျှင် မဝေးသောကာလတွင် ကျွန်ုပ်တို့နိုင်ငံ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးဝေစည်ရှိလာမည်မှာ အမှန်ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် နည်းပညာများကို လူငယ်လူရွယ်များက ကြိုးပမ်းရှာဖွေကြရမည်။ ပြည်ပမှ နည်းပညာအရင်းအမြစ်များကို ရယူ၍ ပြည်တွင်းတွင် ထိရောက်စွာအသုံးချရမည်။ "ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" သူ့အကျိုး၊ ကိုယ့်အကျိုး မျှတစွာဆောင်ရွက်မည့် နည်းပညာပါဝင်သည့် လုပ်ငန်းများနှင့်ပေါင်းစပ်၍ မိမိနိုင်ငံတိုးတက် ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းအပ်ပါသည်။ ။

## လှေခွင်းတောင်ခြေ၌ နှစ်ဆန်းတစ်ရက်နေ့ အတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် မေ ၁၇**

မဟာသင်္ကြန်ကာလပြီးဆုံး၍ မြန်မာနှစ်သစ် ၁၃၇၆ ခု နှစ်ဆန်းတစ်ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ လှေခွင်းတောင်စေတီနှင့် အပန်းဖြေစခန်းတွင် မြန်မာနိုင်ငံအနှံ့မှ ခရီးသွားများ၊ ဒေသခံပြည်သူထောင်ပေါင်းများစွာနှင့် အနားယူအပန်းဖြေသူများစွာလာရောက်ကြ၍ ပျော်ရွှင်စည်ကားလျက်ရှိသည်။

ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် အပန်းဖြေရေကူးသူများ၊ တောင်ပေါ်နှင့် ရေကစားဖျော်ဖြေရေးမဏ္ဍပ်များတွင် ပရိသတ်များ ဘေးအန္တရာယ်ကင်းရေး၊ ဖျော်ဖြေရေးနှင့် ဧည့်ခံကျွေးမွေးရေးများကို တာဝန်ရှိအဖွဲ့အစည်းအသီးသီးက စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

"ရေနက်ရေစီးကြောင်းရှိတဲ့နေရာတွေမှာ အကြောင်းမသိတဲ့ ဧည့်သည်တွေအဖို့ အန္တရာယ်ရှိပါတယ်။ လုံခြုံရေးတွေက မြစ်အတွင်းမှာ စက်လှေ၊ ဗော်ယာတွေနဲ့ သတိပေးခြင်း၊ စောင့်ရှောက်ခြင်း ပြုလုပ်လျက်ရှိပါတယ်။ ကမ်းပေါ်ဆိုရင် ခိုက်ရန်ဖြစ်ပွားမှုတွေ မပေါ်ပေါက်စေဖို့ လုံခြုံရေးတွေနဲ့ စောင့်ရှောက် ပေးထားပါတယ်။ စည်ကားလှတဲ့ လှေခွင်းတောင်ပွဲတော်ကြီး အောင်မြင်ချောမွေ့ပြီးအန္တရာယ်ကင်းစွာပြီးဆုံးဖို့ နေပြည်တော်ကောင်စီရဲ့ ကြီးကြပ်မှုနဲ့ စီမံဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်က ပြောကြားသည်။

အရင်ကတည်းက လှေခွင်းတောင်တန်ခိုးကြီး ဘုရားပွဲတော်ကို တန်ခူးလဆန်း ၃ ရက်မှ ၈ ရက် အထိ ကျင်းပပြီး နှစ်စဉ်နှစ်ဆန်း ၁ ရက်တွင် အခြားနေရာများနှင့်မတူ တစ်မူထူးခြားစွာ သင်္ကြန်ရေကစားခြင်းကို ဆက်လက်ကျင်းပပြီး တစ်နယ်လုံးရှိ ဘုရားဖူးပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ကြပြီး လှေခွင်းတောင်တန်ခိုးကြီးဘုရားအား ဦးခိုက်ပူဇော်ဆုတောင်းမှုများ ပြုလုပ်ကြသည်။ ပေါင်းလောင်းမြစ်ကို ဖြတ်၍ ကျည်တောင်ရွာနှင့် ခေါမကျေးရွာကို ဆက်ထားသော ပေါင်းလောင်းမြစ်ကူးတံတားမှာ ၅၂၈ ပေရှည်ပြီး အခန်းပေါင်း ၉၉ ခန်းနှင့် တံတားအမြင့်မှာ ၁၈ ပေဖြစ်သည်။ "ဘုရားဖူးလာပြည်သူတွေရဲ့ လုံခြုံမှုကို အဓိကထား စောင့်ရှောက်ပေးပြီး နှစ်ဆန်းတစ်ရက်နေ့မှာ ကျည်တောင်ကျေးရွာမှ အလှူရှင် ဦးရှမ်းကြီးမိသားစုနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းပြီး စတုဒိသာမုန့်လုံးရေပေါ်ကျွေးတယ်။ လုံခြုံရေးအဖွဲ့တွေနဲ့ ဘုရားဖူးလာပြည်သူတွေကို မအောင်ငြိမ်း ဖောင်ဒေးရှင်းမိသားစုက သင်္ကြန်ငါးရက်လုံး ကျွေးမွေးစရိတ်၊ ဖျော်ဖြေတင်ဆက်မှု ကုန်ကျစရိတ်တွေကို အကုန်အကျခံပြီး တံတားကြီး ပြန်လည်ပြုပြင်ဖို့ ကျပ်သိန်း ၁၁၀ ကျော် ကုန်ကျရာမှာလည်း ပြည်သူက ကျပ်သိန်း ၅၀ ကျော်နဲ့ မအောင်ငြိမ်းဖောင်ဒေးရှင်းက သိန်း ၆၀ ကျော် လှူဒါန်းခဲ့ပြီး ဒီရွှေပေါင်းလောင်းတံတားကြီးကို ပိုပြီးခိုင်ခံ့အောင် ပြုပြင်ပြီး ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ပြောကြားသည်။

ပွဲတော်ရက်မဟုတ်သည့် စနေ၊ တနင်္ဂနွေရက်များတွင်လည်း အပန်းဖြေသူများ လာရောက်လေ့ရှိကြောင်း၊ ပြည်သူများ အေးချမ်းစွာ လာရောက်အပန်းဖြေရန်အတွက် ပန်းခြံများလည်း ဆောက်လုပ်ရန်အစီအစဉ်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**သတင်း-အေးအေးမြင့်
ဓာတ်ပုံ - ရာမည**



## အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးနှင့် ဂျကာတာမြို့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်အား ဂျကာတာမြို့ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သီးခြားခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**





## ပြည်တွင်းရေးရာ

**ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများ၊ တက်ရောက်လာကြသူများအား အောင်သပြေပန်းဖြင့် နံ့သာရေစင်များပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအား ဥပဇ္ဈာယ်ပြု၍ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဈေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား ကေသစ္ဆေဒန ဆံချမင်္ဂလာကျင်းပပြီး သာမဏေရပဗ္ဗဇ္ဇ ရှင်သာမဏေများအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်ကြသည်။**(ပုံ)**

အဆိုပါရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဌာနများမှ ရှင်သာမဏေလောင်း(၃၂)ပါးနှင့် ရဟန်းလောင်းအပါး(၁၀၀) စုစုပေါင်း(၁၃၂)ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့သည်။



ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား သာသနာတော်ထုံးတမ်းစဉ်လာနှင့်အညီ ရှင်လောင်းလှည့်လည်ခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးမှ ပျဉ်းမနားမြို့တွင်း၊ ထိုမှတစ်ဆင့် နေပြည်တော်မြို့မဈေး၊ ထိုမှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်သို့ လှည့်လည်ခဲ့ပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ခဲ့ကြသည်။ **(သတင်းစဉ်)**



**မန္တလေးမြို့မှ**

နှစ်ဆန်းတစ်ရက် ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မန္တလေး အထွေထွေ ရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ အနယ်နယ်အရပ်ရပ်မှ လူမှုရေးအဖွဲ့အစည်းများ၊ သွေးလှူအသင်းအဖွဲ့များမှ သွေးလှူရှင်များက လာရောက်သွေးလှူဒါန်းလျက်ရှိသည်ကို တွေ့ရှိရသည်။

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး ဇီဝိတဒါနငါးနှင့်ငှက်လွှတ်ပွဲအခမ်းအနားနှင့် သင်္ကြန်ပူဇော်ပွဲအခမ်းအနားများကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့ တက်ရောက်ကြပြီး ငါးနှင့်ငှက်များ လွှတ်ပေးကာ သင်္ကြန်ဘိုးဘွားများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

မွန်းလွဲ ၁နာရီတွင်လည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ ယနေ့ညနေ ၅ နာရီတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တွင် တိုက်တော်ကျောင်းတိုက် နာယကဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယနေ့ ညနေပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်နှင့် လမ်းများ၌ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကမ္မဝါစာများနာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှု မင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယတွင် မန္တလေးမြို့တော်တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ၊ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။ **တင်မောင်(မန္တလေး)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ

**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၆ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ယနေ့)ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်များအား ရွတ်ပွားချီးမြှင့်တော်မူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြင်းမူ၌ သင်္ကြန်ပူဇော်ပွဲကျင်းပ

**မြင်းမူ ဧပြီ ၁၇**

(၈)ကြိမ်မြောက် သင်္ကြန်ပူဇော်ပွဲကို ၁၃၇၆ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (ယနေ့)နံနက်၉ နာရီတွင် မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က သင်္ကြန်ပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ရွှေတောင်ကုမ္ပဏီမှ ဝန်ထမ်းများက အဘိုးအဘွား ၆၀ တို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကြသည်။**(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အစီအစဉ်ဖြင့် အိမ်တိုင်ရာရောက်လိုက်လံ၍ လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၃၇၆ ခုနှစ် နှစ်ဆန်း ၁ ရက်တွင် မြင်းမူမြို့တွင်းရှိ ရပ်ကွက်အသီးသီးတို့တွင် နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်များကို မြို့နယ်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးများက ဦးစီးလျက် ဆရာတော်အရှင်သူမြတ်များက လှည့်လည်ရွတ်ဖတ်ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**









# ယူကရိန်းစစ်စခန်းတစ်ခုကိုဝင်စီး ခွဲထွက်ရေးသမားသုံးဦးသေဆုံး

**ကီယက် မေ ၁၇**

အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဥရောပသမဂ္ဂနှင့် ယူကရိန်းနိုင်ငံတို့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယူကရိန်းပြဿနာအပေါ် ဆွေးနွေးပွဲစတင်ကျင်းပနေစဉ် နိုင်ငံအရှေ့ပိုင်းရှိ စခန်းတစ်ခုကို ယမန်နေ့ညက ဝင်ရောက်စီးနင်းရာ သုံးဦးသေဆုံးခဲ့ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးက ပြောသည်။

မာရီယူပိုးလ်တွင် ယူကရိန်းတပ်ဖွဲ့များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ ခွဲထွက်ရေးသမားသုံးဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီး အာဆင်အဗာကောဗ်၏ ဖေ့(စ်)ဘုတ်တွင် ဖော်ပြထားသည်။

ဂျီနီဗာဆွေးနွေးပွဲကို ယူကရိန်းပြဿနာ အရှိန်မြင့်လာပြီးနောက် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ရုရှားလိုလားသော လှုပ်ရှားသူများက နိုင်ငံအရှေ့ပိုင်းရှိ အစိုးရအဆောက်အအုံများကို သိမ်းပိုက်ရာတွင် ရုရှားနိုင်ငံက အကူအညီ ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း အနောက်အုပ်စုက ပြောသည်။

ကီယက်သည် ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ ချောက်ကမ်းပါးသို့ ဦးတည်လျက်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးလိုက်ပြီး ဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန် တိုက်တွန်းခဲ့သည်။ **ဘီဘီစီ။**



မာရီယူပိုးမြို့၌ ရောက်ရှိနေသော ယူကရိန်းကြည်းတပ် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းကို ဘရာဇီးရဲတပ်ဖွဲ့ဖြိုခွင်း

**ဘရာစီလီယာ မေ ၁၇**

ဘရာဇီးနိုင်ငံ၌ ငွေကြေးခဝါချမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုသယ်ဆောင်မှု ပြုလုပ်သည်ဟု မသင်္ကာရသူ လူ ၄၆ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဖမ်းခံရသူများတွင် ရေနံလုပ်ငန်း လုပ်ကိုင်သည့် ထိပ်တန်းကုမ္ပဏီဖြစ်သော ပီထရာဘရာစ်မှ အထက်တန်းအရာရှိဟောင်းတစ်ဦး ပါဝင်သည်။

တရားမဝင် ငွေကြေးအရောင်းအဝယ်ပြုလုပ်ခြင်း၊ စိန်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ အစိုးရတာဝန်ရှိသူများကို လာဘ်ပေးခြင်းနှင့် အခြားသောပြစ်မှုများ ကျူးလွန်ခြင်းတို့ဖြင့် မသင်္ကာရသူများကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဒုစရိုက်ဂိုဏ်းဖွဲ့ကာ ဒုစရိုက်လုပ်ငန်းများကို လုပ်ကိုင်နေသော အုပ်စုမှ အဖွဲ့ဝင်များဖြစ်သည်ဟု ယူဆရပြီး ပီထရာဘရာစ်ရေနံ ကုမ္ပဏီမှ ရေနံချက်လုပ်ငန်းဆိုင်ရာ ညွှန်ကြားရေးမှူးဟောင်းပေါ်လိုရောဘတ်တိုဆိုသူကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အဖမ်းခံရသူများက ပိုင်ဆိုင်သော ဟိုတယ်သုံးလုံး၊ အိမ်များ၊ မော်တော်ကား ၂၅ စီး၊ အမေရိကန်ဒေါ်လာ ၂ဒသမ၆သန်းတန်ဖိုးရှိ ကျောက်မျက်ရတနာများနှင့် အနုပညာပစ္စည်းများကိုလည်း ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။

**ပီတီအိုင်။**

# မီးငြိမ်းသတ်ရန် မောင်းနှင်လာသော မီးသတ်ကားနှစ်စီးတိုက်မိ

**လော့စ်အိန်ဂျလိစ် မေ ၁၇**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ် ဆင်ခြေဖုံးဒေသ၌ မီးသတ်ကားနှစ်စီး တိုက်မိသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ရာ ၁၅ ဦးဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများတွင် မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက် သတင်းထုတ်ပြန်သည်။



မီးသတ်ကားနှစ်စီးတိုက်မိပြီးနောက် စားသောက်ဆိုင်တစ်ဆိုင်ကို ဝင်ရောက်တိုက်မိသော မီးသတ်ကားတစ်စီးကို တွေ့ရစဉ်။

နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသည်ဟု ဖုန်းဖြင့် သတင်းပေးပို့ချက်ရရှိခဲ့ပြီးနောက် မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်ကားနှစ်စီး လမ်းဆုံလမ်းခွတစ်နေရာတွင် တိုက်မိခဲ့ပြီး မီးသတ်ကားတစ်စီးမှာ တိုက်မိသည့် အရှိန်ဖြင့် တရုတ်စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ထိုးဝင်ကာ ထပ်မံတိုက်မိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

တရုတ်စားသောက်ဆိုင်တစ်ဆိုင်အတွင်း ရှိနေသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိသည်။ လော့စ်အိန်ဂျလိစ်မြို့နှင့် အနီးရှိ အယ်လမ်ဘရာမြို့တို့မှ မောင်းနှင်လာသော မီးသတ်ကားနှစ်စီး တိုက်မိသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ။**



ပိတ်သိမ်းလိုက်ပြီဖြစ်သော အဘူဂါရိပ်အကျဉ်းထောင်ကို တွေ့ရစဉ်။

# နာမည်ဆိုးဖြင့် ကျော်ကြားသော အဘူဂါရိပ်အကျဉ်းထောင်ပိတ်ပြီ

**ဘဂ္ဂဒက် မေ ၁၇**

အီရတ်နိုင်ငံ၌ နာမည်ဆိုးဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော အဘူဂါရိပ် အကျဉ်းထောင်ကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွန်နီစစ်သွေးကြွများက စီးနင်းတိုက်ခိုက်သိမ်းပိုက်နိုင်သော ဘေးအန္တရာယ်ရှိသဖြင့် အဘူဂါရိပ်အကျဉ်းထောင်ကို ပိတ်သိမ်းရခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ အဆိုပါ အကျဉ်းထောင်မှ အကျဉ်းသား ၂၄၀၀ ကို လုံခြုံရေးတင်းကျပ်သော အခြားအကျဉ်းထောင်များသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း တရားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

သမ္မတ ဆက်ဒမ်ဟူစိန်လက်ထက်တွင်လည်းကောင်း၊ အီရတ်နိုင်ငံကို အမေရိကန်တပ်ဖွဲ့က ကျူးကျော်သိမ်းပိုက်ချိန်ကာလတွင် လည်းကောင်း၊ လက်ရှိအစိုးရအဖွဲ့ လက်ထက်တွင်လည်းကောင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်ခဲ့သည့် အကျဉ်းထောင်အဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည်။ ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ သောင်းကျန်းသူများ ထိန်းချုပ်ရာဒေသမှ မဝေးကွာသော နေရာ၌ တည်ရှိသော အဘူဂါရိပ်အကျဉ်းထောင်သည် ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတရားပြုမူဆက်ဆံမှုများ ပြွမ်းတီးသည့်နေရာအဖြစ် အများက သိရှိကြသည်။

**ပီတီအိုင်။**



# ဒေါ်လာနှစ်ထောင်ကျော်တန် ဝိုင်ပုလင်းလက်ခံမှုဖြင့် နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ်နုတ်ထွက်ရ

**ဆစ်ဒနီ မေ ၁၇**

ဩစတြေးလျနိုင်ငံမှ လူနေအထူထပ်ဆုံး ပြည်နယ်ဖြစ်သော နယူးဆောက် ဝေးပြည်နယ်၏ဝန်ကြီးချုပ်သည် ဩစတြေးလျဒေါ်လာ၃၀၀၀ (အမေရိကန်ဒေါ်လာ ၂၈၀၀)တန်ဖိုးရှိ ဝိုင်အရက်ပုလင်းတစ်လုံးအား လက်ဆောင်အဖြစ် လက်ခံရရှိခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာရန် ပျက်ကွက်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ် အိုဖာရယ်လ်က ၎င်းအနေဖြင့် ဝိုင်ပုလင်းအား လက်ခံ ယူခဲ့ခြင်းမရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးစုံစမ်းရေးကော်မတီထံ ပြောကြားခဲ့သည်။

၂၀၁၁ခုနှစ်အတွင်းက စီးပွားရေးလုပ်ငန်းရှင် နစ်ဒီဂီယိုလာမိုထံမှ ဝိုင်အရက် ပုလင်းတောင်းခံခဲ့ခြင်းကို ၎င်းအနေဖြင့် မမှတ်မိနိုင်တော့ကြောင်း မစ္စတာ ဖာရယ်လ်က ပြောကြားခဲ့သည်။

ယင်းဝိုင်ပုလင်းလက်ခံရရှိခြင်းအတွက် မစ္စတာဖာရယ်လ်၏လက်ရေးဖြင့် ကျေးဇူး တင်ရှိကြောင်း ရေးသားထားသည့် အထောက်အထားအရ အရေးယူခံရခြင်း ဖြစ်သည်။

မစ္စတာဖာရယ်လ်သည် နယူးဆောက်ဝေး ပြည်နယ်လစ်ဘရယ်ပါတီမှ ခေါင်း ဆောင်ဖြစ်ပြီး မေ ၁၆ရက်တွင် ဆစ်ဒနီမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

**ဘီဘီစီ**

# အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍

## အငြိမ်းစားဆရာကြီးတစ်ဦး

နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတရင်းမြစ်များ ပေါကြွယ်ဝမှု (The richness of its natural resources)နှင့် လူသားစွမ်းရည်ရင်းမြစ်ကြွယ်ဝမှု (The richness of its human resources) တို့အပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ယခုအချိန်အခါတွင် ရင်းမြစ်များကို အခြေခံသည့် လူ့အဖွဲ့အစည်း (Resource-Based Society)မှသည် ပညာကိုအခြေခံသည့် လူ့အဖွဲ့အစည်း (Knowledge-Based Society)ဆီသို့ ရွေ့လျားကူးဝင်တက်လှမ်းလျက်ရှိနေပါသည်။ ထို့ကြောင့် ထိုလူ့အဖွဲ့အစည်းကို ပညာလူ့အဖွဲ့အစည်း (Knowledge Society)ဟူ၍ပင် ခေါ်တွင်နေကြပြီဖြစ်ပါသည်။

ပညာတွင်အသိပညာ၊ အတတ်ပညာနှင့် နည်းပညာတို့ပါဝင်နေသည်။ ပညာ၏အရည်အသွေးစံများကို တိုင်းတာသည့်အချက်များတွင် သင်ရိုးညွှန်းတမ်း (Curriculum)၏ အရည်အသွေးကောင်းခြင်း၊ ညံ့ခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်သည်။ ဤသို့ဆိုလျှင် သင်ရိုးညွှန်းတမ်းဟူသည် အဘယ်နည်း။

သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များအောင်မြင်စေရန် ရည်ရွယ်လျက်သင်ယူမှုရလဒ်များ (Intended Learning Outcomes)၊ သင်ရိုးဝင်အကြောင်းအရာများ (Curriculum Content)၊ သင်ကြားသင်ယူမှုနည်းလမ်းများ (Teaching-Learning Strategies)နှင့် တတ်မြောက်မှုစစ်ဆေးခြင်း (Assessment)တို့ အပါအဝင် ကျောင်းတွင်း၊ ကျောင်းပြင် လေ့လာသင်ယူရာတွင် ပါဝင်သည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များနှင့် အတွေ့အကြုံအားလုံးကိုဆိုလိုသည်။

မည်သည့်ခေတ်စနစ်တွင်မဆို ထိုခေတ်၏ပညာရေးရည်မှန်းချက်များပေါ်တွင် အခြေပြုလျက် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲကြရပါသည်။ ဤသို့ဆိုပါက သင်ရိုးညွှန်းတမ်းကောင်းဖြစ်ရေးဆိုင်ရာအချက်များကို သိရှိနားလည်ရန် လိုအပ်ပါမည်။ အခြေခံပညာသင်ရိုးညွှန်းတမ်းသည် အောက်ပါလက္ခဏာရပ်များနှင့် ပြည့်စုံရမည်-

(က) နိုင်ငံတော်၏ ပညာရေးမူဝါဒကို လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိရမည်။
(ခ) ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသောသင်ရိုးညွှန်းတမ်းဖြစ်ရမည်။
(ဂ) ကျောင်းသားကျောင်းသူတို့၏ ဖွံ့ဖြိုးမှုနှင့်လိုက်လျောညီထွေရှိသော သင်ရိုးညွှန်းတမ်း (Developmentally Appropriate Curriculum)ဖြစ်ရမည်။
(ဃ) ပြောင်းလဲနေသည့်ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် အပြင် ၂၁ ရာစုအတွက် လိုအပ်သောကျွမ်းကျင်မှုများရရှိအောင် ပျိုးထောင်ပေးနိုင်ရမည်။
(င) ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ရသအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူတော်လူကောင်းများဖြစ်လာအောင် ပျိုးထောင်ပေးနိုင်ရမည်။
(စ) မြန်မာနိုင်ငံအတွက် လိုအပ်သော နိုင်ငံသားကောင်းများ (Good Citizens) ပြုစုပျိုးထောင်ပေးနိုင်သည့်အပြင် ကမ္ဘာ့အဆင့်နိုင်ငံသားများ (Global Citizens)ဖြစ်လာအောင်လည်း ပြုစုပျိုးထောင်ပေးနိုင်ရမည်။
(ဆ) ဒေသဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများရရှိစေသည့် သင်ယူမှုအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရမည်။
(ဇ) အခြေခံပညာအဆင့်ဘာသာရပ်များကို တန်းတူတန်ဖိုးထား၍ တက္ကသိုလ်ပညာ၊ အသက်မွေးပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရမည်။
(ဈ) တိုင်းရင်းသားလူမျိုးစုအားလုံး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားတန်ဖိုးထားသည့် အလေ့အကျင့်များ အပါအဝင် အမျိုးသားစရိုက်လက္ခဏာများ (National Identity) ကို ပြုစုပျိုးထောင်ပေးနိုင်စွမ်းရှိရမည်။
(ည) တိုင်းပြည်၏ လိုအင်၊ တိုင်းရင်းသားလူမျိုးများ၏ လိုအင်တို့နှင့် လိုက်လျောညီထွေမှုရှိအောင် ဘာသာစကားဆိုင်ရာ မူဝါဒချမှတ်၍ အကောင်အထည်ဖော်ရမည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အောက်ပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရမည်-

(က) အခြေခံပညာအဆင့်အလိုက် လေ့လာသင်ယူရန် နယ်ပယ်များ (Areas of Learning) သတ်မှတ်ခြင်း။
(ခ) သင်ယူသူများတွင် ဖြစ်ထွန်းရရှိလာမည်ဟု ရည်မှန်းထားသည့် သင်ယူမှုရလဒ်များ (Intended Learning Outcomes) ဖော်ထုတ်ခြင်း။
(ဂ) နယ်ပယ်အလိုက် သင်ရိုးဝင်အကြောင်းအရာများ (Curriculum Content) ထည့်သွင်းခြင်း။
(ဃ) ရွေးချယ်ထားသော သင်ရိုးဝင်အကြောင်းအရာ၏ နယ်ပယ်အတိမ်အနက် (Scope) ကို အတိအကျသတ်မှတ်ပြီး ကြောင်းကျိုးဆက်စပ်မှုရှိသောအစီအစဉ် (Logical Sequence) တစ်ရပ်ဖြစ်လာစေရန် သတ်မှတ်ဖော်ထုတ်ခြင်း။
(င) သင်ရိုးဝင်အကြောင်းအရာများ စီစဉ်ရေးဆွဲရာတွင် ဘာသာရပ်တစ်ခုချင်းအတွင်း အထက်၊ အောက်ဆက်စပ်တိုးတက်မှု (Vertical Development) နှင့် ဘာသာရပ်တစ်ခုချင်းအတွင်းဖြစ်စေ၊ ဆက်စပ်ရာဘာသာရပ်များနှင့်ဖြစ်စေ ဘေးတိုက်ဆက်စပ်တိုးတက်မှု (Horizontal Development) ရှိအောင် ချိတ်ဆက်ရခြင်း။
(စ) ကျောင်းသား ကျောင်းသူများ နားလည်တတ်မြောက်ကျွမ်းကျင်စေရန် သင်ပြမှုသင်ယူမှုနည်းများ စနစ်တကျ ရွေးချယ်သတ်မှတ်ခြင်း။
(ဆ) ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှုစစ်ဆေးနည်းများ၊ စာမေးပွဲကျင်းပနည်းများကို စနစ်တကျ ချမှတ်ခြင်း။
(ဇ) အခြေခံပညာသင်ရိုးညွှန်းတမ်းဆိုင်ရာ သင်ယူမှုနယ်ပယ်များ ရွေးချယ်ရသည့် နောက်ခံအကြောင်းအရင်းများ (Rationale) သတ်မှတ်ခြင်း။ သင်ရိုးညွှန်းတမ်းမူဘောင် (Curriculum Framework) တစ်ရပ်ပြုစုရန် လိုအပ်ခြင်း။
(ဈ) သင်ရိုးညွှန်းတမ်းမူဘောင်နှင့်အညီ ကျောင်းသုံးစာအုပ်များပြုစုခြင်း၊ သင်ထောက်ကူပစ္စည်းများသတ်မှတ်ခြင်း၊ သင်ယူမှု ဝန်းကျင်ကောင်းများသတ်မှတ်ခြင်း။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထူးသတိပြုရမည့်အချက်များ၊ စဉ်းစားပေးရမည့် အချက်များလည်းရှိပါသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချရန်နှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာအချက်အလက်များ ပါဝင်ရန်၊ ထည့်သွင်းရန်လိုအပ်ပါသည်။ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး မိမိဒေသနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းဆိုင်ရာ အချက်အလက်များကို ၂၀ ရာခိုင်နှုန်း (သို့မဟုတ်) ၂၅ ရာခိုင်နှုန်း ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံပြုထားပါသည်။

တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်သော သင်ရိုးညွှန်းတမ်းလည်းဖြစ်ဖို့လိုပါသည်။

လူငယ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ဦးစားပေးရေးဆွဲကြရပါမည်။ အတောင့်တဆုံးဆန္ဒတစ်ခုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦးအဖြစ် ဂုဏ်ယူတတ်သည့် ကျောင်းသား ကျောင်းသူလူငယ်များဖြစ်စေမည့် သင်ရိုးညွှန်းတမ်းမျိုးကို မျှော်လင့်မိပါသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှု (Curriculum Implementation) နှင့် သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှု (Curriculum Management) အဆင့်ဆင့်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် အညီ မည်သည့်အဖွဲ့အစည်းလူပုဂ္ဂိုလ်တို့က အကောင်အထည်ဖော်ပေးမည်နည်း။

> **သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များအောင်မြင်စေရန်ရည်ရွယ်လျက် သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှု စစ်ဆေးခြင်းတို့အပါအဝင် ကျောင်းတွင်း၊ ကျောင်းပြင် လေ့လာသင်ယူရာတွင် ပါဝင်သည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျရေးဆွဲထားသော အစီအစဉ်များနှင့် အတွေ့အကြုံအားလုံးကို ဆိုလိုသည်။**

အခြေခံပညာရေးကောင်စီ၊ အခြေခံသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ဘာသာရပ်တစ်ခုချင်းအလိုက် ဖွဲ့စည်းထားသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနတို့၏ ဦးဆောင်မှုဖြင့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်ကြောင်း သိရှိရပါသည်။ သင်ရိုးညွှန်းတမ်း အကောင်အထည်ဖော်မှုကို ထိရောက်စေရန် သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှုကော်မတီများကို ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအုပ်စုအဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်စနစ်တကျ ဖွဲ့စည်းပြီး တာဝန်ဝတ္တရားများ သတ်မှတ်ကာ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။

အထူးသဖြင့် အခြေခံပညာသင်ရိုးညွှန်းတမ်းကို ဆန်းစစ်အကဲဖြတ်ရာတွင် အောက်ပါအဆင့် (၄)ဆင့်အတိုင်း လျာထားသည်ဟု ဆိုပါသည်။

(၁) သင်ရိုးစီစဉ်ရေးဆွဲပြုစုစဉ်ကာလအတွင်း ဆန်းစစ်အကဲဖြတ်မှု (Formative Evaluation)
(၂) ကျွမ်းကျင်သူပညာရှင်များ၏ အကြံဉာဏ်ရယူပြီး စီစဉ်ပြင်ဆင်ထားသော သင်ရိုးညွှန်းတမ်းအား အကဲဖြတ်မှု (Evaluation of Intended Curriculum through Expert Opinion)
(၃) သင်ရိုးအကောင်အထည်ဖော်သည့်ဖြစ်စဉ်အား အကဲဖြတ်မှု (Evaluation of Curriculum Implementation)
(၄) သင်ရိုးအကောင်အထည်ဖော်ပြီးကာလ အပြီးသတ်ဆန်းစစ်အကဲဖြတ်မှု (Summative Evaluation)

အခြေခံပညာသင်ရိုးညွှန်းတမ်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သင်ရိုးရေးဆွဲသူများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ လေ့လာသင့်သည့် ပြည်ပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခြင်း၊ လေ့လာရေးခရီးများစေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရပါမည်။ ထို့ပြင် ပြည်တွင်းပြည်ပမှ သင်ရိုးညွှန်းတမ်းကျွမ်းကျင်ပညာရှင်များကို သင်ရိုးဌာနတွင် တွဲဖက်တာဝန်ပေးခြင်းမျိုးထားရှိရပါမည်။ **စာမျက်နှာ ၁၀ သို့** ❑













## လယ်ဝေးမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

**လယ်ဝေး မေ ၁၇**

၁၃၈၁ ခုနှစ်မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့် ယနေ့ နံနက် ၉ နာရီက နေပြည်တော် ကောင်စီနယ်မြေ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO များနှင့် စေတနာရှင်များက ဘိုးဘွား ၂၄ ဦးအား ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ရဟတ်ယာဉ်ဖြင့် နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်ရေများ ဖျန်းပက်မေတ္တာပို့သ

**နေပြည်တော် မေ ၁၇**

နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်၍ ဆရာတော်၊ သံဃာတော်များက နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေတို့ဖြင့် ဖျန်းပက်ပေးကြကာ မေတ္တာပို့သကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**



## နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမှူးပြုသော ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများ၏ ၁၃၈၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၌ ကျင်းပသည်။ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ကြီး၏ စာချဆရာတော် ဦးအဂ္ဂညနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့ လမ်းသပြေကုန်း ကျောင်းတိုက် ဆရာတော် ဦးသာသနတို့ထံမှ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။**(ဓါတ်ပုံ)**

ထို့နောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်များထံ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## နှစ်သစ်ကူးကာလတွင် သက်ကြီးရွယ်အိုများအား ပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ၌ မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက်ပိုင်းက သက်ကြီးရွယ်အို အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို မြတ်ပါရမီပရဟိတလူငယ် အဖွဲ့က ဦးဆောင်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ပူဇော်ပွဲကို ဆရာတော် ဦးကုသလနှင့် ဦးရဲဝင်းတို့ ဦးစီးသော လူငယ်များအဖွဲ့က ဦးဆောင်ကျင်းပခဲ့ပြီး သက်ကြီး အဘိုးအဘွား ၂၅ ဦးတို့အား အင်္ကျီ၊ လုံချည် အစရှိသော လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း အစရှိသည့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ဆောင်ပေးပြီး ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

မြတ်ပါရမီ ပရဟိတလူငယ်အဖွဲ့ကို ယခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ခေတ်အေးကျေးရွာအနီး တစ်ဝိုက်မှ လူငယ်များဖြင့် စုစည်းထားခြင်းဖြစ်ကြောင်း၊ ယခု ပူဇော်ပွဲသည် အဆိုပါအဖွဲ့၏ ပထမဆုံးသော သက်ကြီးပူဇော်ပွဲဖြစ်ကြောင်း အသင်းတာဝန်ရှိသူ ဦးရဲဝင်းက ပြောပြသည်။

**(ကိုကိုနေ)**

## သာသနာရေးဝန်ကြီးဌာန နဝမအကြိမ် အန္တရာယ်ကင်းပရိတ်တော်နာယူပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၇**

သာသနာရေးဝန်ကြီးဌာန၏ နဝမအကြိမ် အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပခဲ့ရာ ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုပါဋ္ဌိ တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော ပင့်သံဃာငါးပါးတို့ ကြွရောက်တော်မူကြပြီး သံဃာတော်အရှင်သူမြတ်တို့ထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခဲ့ကြပြီးနောက် သံဃာတော် ရှင်သူမြတ်တို့အား ရုံးအဖွဲ့မှူး ဦးမြင့်ဦး ဦးဆောင်သော တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှူဖွယ်ဝတ္ထု ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးမြင့်ဦး ဦးဆောင်သော တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အသက်(၇၅)နှစ်အထက်ရှိ အဘိုး ၂၀ နှင့် အဘွား ၂၀ စုစုပေါင်း ၄၀ တို့အား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၀၀၀၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





❑ စာမျက်နှာ ၆ မှ

ဤအချက်များသည် ရေရှည်တွင် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းအဖွဲ့၏ လတ်တလောဆောင်ရွက်ခဲ့မှုများကို မေးမြန်းကြည့်ခဲ့ပါသည်။ ကျောင်းသားလူငယ်တို့၏ အသက်အရွယ်ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့နှင့်မမျှတအောင် ဝန်ထုပ်ဝန်ပိုး (Overload) ဖြစ်နေသည့် အကြောင်းအရာများကို ဘာသာရပ်အလိုက် လျှော့ချခြင်း၊ ဘာသာရပ်တစ်ခုအတွင်း သို့မဟုတ် ဘာသာရပ်များအတွင်း ထပ်ခါထပ်ခါ ပါဝင်နေသော အကြောင်းအရာများ (Overlap) ကို လျှော့ချခြင်း၊ ဒီမိုကရေစီခေတ်စနစ်နှင့်မဆီလျော်တော့သည့် သင်ခန်းစာများ (Out-date) ကို လျှော့ချခြင်း၊ ပြင်ဆင်ရေးသားခြင်း၊ သင်ယူမှုကို အဟန့်အတားဖြစ်စေပြီး မထင်မရှား၊ မပီမသဖြစ်နေသော သရုပ်ဖော်ပုံများကို သစ်လွင်တောက်ပထင်ရှားပြီး ဆွဲဆောင်မှုရှိသည့် ပုံများဖြင့် အစားထိုးခြင်း၊ အသက်အရွယ်ဖွံ့ဖြိုးမှုနှင့်လည်း မကိုက်ညီ၊ စဉ်းစားတွေးခေါ်မှုကိုလည်း မဖြစ်ပေါ်စေသည့် အပြင် နှုတ်တိုက်ကျက်မှတ်စေခြင်းကိုသာ ဦးတည်သည့် မေးခွန်းများ၊ လေ့ကျင့်ခန်းများအား ပယ်ဖျက်ခြင်း၊ စဉ်းစားတွေးခေါ်မှုကို ဖွံ့ဖြိုးစေသည့်မေးခွန်းများဖြင့် အစားထိုးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

ပြင်ဆင်ရေးဆွဲပြီးသည့် ကျောင်းသုံးစာအုပ်များကို ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် အခြေခံပညာ ဆရာ ဆရာမများကို သင်တန်းများ ပို့ချရှင်းလင်းဆွေးနွေးဦးမည်ဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ ထို့ပြင် ကျောင်းသုံးစာအုပ်အဖြစ် ရိုက်နှိပ်ထားခြင်းမရှိသော တွဲဖက်သင်ရိုးဝင် ဘာသာရပ်များအတွက် ဆရာလက်စွဲစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေသွားမည် ဖြစ်ပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့်ပတ်သက်သည့် လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပညာရေးမြှင့်တင် အကောင်အထည်ဖော်ရေး အခြေခံပညာသင်ရိုးညွှန်းတမ်းလုပ်ငန်းအဖွဲ့အနေဖြင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ အငြိမ်းစားပညာရှင်များ၊ Stakeholder များနှင့် လူကိုယ်တိုင်တွေ့ဆုံ၍လည်းကောင်း၊ စာ၊ တယ်လီဖုန်း၊ E-mail တို့ဖြင့် ဆက်သွယ်၍လည်းကောင်း အကြံဉာဏ်များကို အကြိမ်ကြိမ်ရယူဆောင်ရွက်ခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ပညာရှင်များ၊ ပညာရေးစိတ်ပါဝင်စားသူအားလုံးက ပူးပေါင်းပါဝင်၍ အကြံဉာဏ်များပေးခြင်းဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် အခြေခံပညာသင်ရိုးညွှန်းတမ်းဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ။

# ဝမ်းလည်းဝ ကုသိုလ်လည်းရသည့် သတင်းစာပို့လုပ်ငန်း

**ရန်ကုန် ဧပြီ ၁၇**

နေ့စဉ်ထုတ်သတင်းစာများ လပေးယူသည့် အိမ်များသို့ နံနက်ပိုင်း လိုက်လံ ပို့ဆောင်ပေးနေသည့် လုပ်ငန်းသည် စီးပွားရေးအရ တွက်ခြေကိုက်သကဲ့သို့ အများပြည်သူ ဗဟုသုတရရှိစေရန် ဖြန့်ချိပို့ဆောင်ပေးရခြင်းဖြစ်၍ ဝမ်းလည်းဝ ကုသိုလ်လည်းရသည့် လုပ်ငန်းဖြစ်သည်ဟု လမ်းမတော်မြို့နယ်တွင်း နေအိမ်များသို့ သတင်းစာလပေးလိုက်လံပေးပို့နေသော လုပ်သက် ၄၀ နီးပါးရှိ အသက် (၆၀) ဝန်းကျင် အမျိုးသားတစ်ဦးက ဆိုသည်။

သတင်းစာတစ်စောင် တိုက်ဈေးကျပ်ငါးဆယ်ရှိပြီး လပေးမှာယူဖတ်ရှုသူများကို တစ်လလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်ဖြင့် ဖြန့်ချိဝေငှနေရာ ဖြန့်ချိသည့် စောင်ရေ ရာချီရှိလျှင် စီးပွားရေးအကျိုးအမြတ်ရရှိကြောင်း၊ လမ်းမတော်မြို့နယ်အတွင်း နေ့စဉ်သတင်းစာစုရပ်ဖြစ်သော ဘုန်းကြီးလမ်းနှင့် အနော်ရထာလမ်းထိပ်ရှိ စံပြရုပ်ရှင်ရုံပေါ်တီကို ဆင်ဝင်အမိုးအောက်သို့ သတင်းစာတိုက်မှ ပို့ဆောင်ခတစ်လလျှင် သတင်းစာတစ်စောင်အတွက် ၃၅ ကျပ် ဝန်းကျင်ပေးရကြောင်း၊ လာပို့ချိန်ထက် အချိန်စောရရှိရန် နေထိုင်ရာကြည့်မြင်တိုင်အိမ်မှ နံနက် ၄ နာရီဝန်းကျင် (၄၆) လမ်း သတင်းစာဖြန့်ဝေသူ စုရပ်သို့ အရောက်သွားပြီး ဦးစွာရသည့် သတင်းစာများ ယူဆောင်လာကာ စံပြရုပ်ရှင်ရုံသို့ ၆ နာရီခွဲဝန်းကျင်တွင် ပြန်လည်ရောက်ရှိကြောင်း၊ သတင်းစာပို့လုပ်ငန်းမှရရှိသော ဝင်ငွေဖြင့် သားသမီးငါးဦးကို ပညာသင်ပေးနိုင်ခဲ့ရာ ယခုအချိန် သားသမီးများ အလုပ်အကိုင်ကိုယ်စီဖြင့် ဖြစ်နေချိန် မိဘအား သတင်းစာပို့လုပ်ငန်း မလုပ်ရန် တားမြစ်ပြောဆိုမှုများရှိလာသော်လည်းနေ့စဉ် လုပ်ရိုးလုပ်စဉ်လုပ်ငန်းကို ရပ်ရန်မစဉ်းစားကြောင်း၊ ယခင်က လွယ်အိတ်နှစ်လုံးအပြည့် အလေးချိန် ၁၀ ပိဿာကျော် လွယ်ခဲ့သော်လည်း ယခုအခါ လွယ်အိတ်တစ်လုံးသာ လွယ်တော့ကြောင်း၊ ၂၀၁၄ တွင် သွားလာရေးလွယ်ကူရန် လုံချည်ပုဆိုးအစား ဘောင်းဘီစကအတိုဖြင့် ပြောင်းလဲဝတ်ဆင် လုပ်ကိုင်လာကြောင်း ဘဝဖြစ်စဉ်ကို ပြောပြ၍ သိခဲ့ရသည်။

၁၉၇၉ ခုနှစ်အလယ်ပိုင်း ရန်ကုန်တွင် ဂျူနီစစ်ဆင်ရေးဖြင့် လမ်းဘေးဈေးရောင်းချမှုကို ဖမ်းဆီးအရေးယူရာတွင် စံပြရုံ ဆင်ဝင်အောက် နံနက်ပိုင်း နာရီဝက်ဝန်းကျင်သာ သတင်းစာခွဲဝေသည့် လုပ်ငန်းသည်လည်း ပါဝင်ခဲ့ကြောင်း၊ သက်ဆိုင်ရာသို့တင်ပြရာမှ အရေးယူခြင်းမခံရဘဲသတင်းစာများ ပြန်လည်ရခဲ့သည်ဟု အတိတ်ကဖြစ်ရပ်ကို ပြန်ပြောပြပါသည်။

နေအိမ်များသို့ သတင်းစာပို့အပြီး နေထိုင်ရာအိမ်သို့ နေ့လယ်ပိုင်းပြန်ရောက်ပြီး နံနက်ပိုင်းတစ်ပိုင်းလုံးကို သတင်းစာဖြန့်လုပ်ငန်းတွင် နှစ်မြှုပ်ထားရကြောင်း၊ အထပ်မြင့်အိပ်ခန်းများသို့ တိုက်ခန်းများမှ ချထားသောကြိုးတွင် ချိတ်ခြင်း၊ သတင်းစာအနည်းငယ်လိပ်ပြီး မြေပြင်မှပစ်တင်ပေးရခြင်းများ ရှိသည်ဟုဆိုသည်။

လမ်းမတော်မြို့နယ်မှ မြို့နယ်လုံး လပေးသတင်းစာပို့သူများအနေဖြင့် စံပြရုပ်ရှင်ရုံ ဆင်ဝင်အောက်ကို နွေ၊ မိုး၊ ဆောင်းရာသီ သုံးရာသီစလုံး မိုးနှင့် နေပူခိုရာအဖြစ် အသုံးချနေရကြောင်း တစ်မြို့နယ်လုံး လပေးယူသူ သုံးထောင်ဝန်းကျင်ရှိသည်ဟု သိရသည်။ လမ်းမတော်မြို့နယ်တွင် သတင်းစာ၊ စာစောင်ရောင်းချမှုအနေဖြင့် ညပိုင်း ၉ နာရီကျော်ထိ ဝယ်ယူရရှိနိုင်ပြီး ဈေးနှုန်းမှာလည်း အခြားမြို့နယ်များထက် ဈေးသက်သာသည်ဟု မြို့နယ်တွင်း စာဖတ်သူတစ်ဦးက ဆိုသည်။

ရပ်ကွက်အတွင်းရှိ လမ်းအချို့တွင် နံနက် ၇ နာရီခွဲကျော်ဝန်းကျင် စက်ဘီးတစ်စီးဖြင့် လှည့်လည်၍ သတင်းစာ၊ စာစောင်များရောင်းချနေသော အမျိုးသားတစ်ဦး၏ ဈေးခေါ်ပြောဆိုသံမှာ သတင်းစာ၊ စာစောင် ဝယ်ယူလိုသူများအတွက် အိမ်တိုင်ရာရောက် ရွေးချယ်ဝယ်ယူနိုင်သည့် အချက်ပေးသံသဖွယ်ဖြစ်နေကြောင်း အသံဩဇာနှင့် နေ့စဉ်ဖြစ်ပေါ်နေသော သတင်းအဖြစ်အပျက်နှင့် သတင်းစာ၊ စာစောင်များအမည်တို့ကို ထုတ်ဖော်ဈေးခေါ်သံအနက် "အိမ်တိုင်ရာရောက်ပေးပို့နေပြီ၊ ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတွေရပြီ" ဆိုသော စကားသံကို ရပ်ကွက် တွင်းနေထိုင်သူများ သဘောကျကြပါသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသော စာဖတ်သူများသို့ ဖြန့်ချိပေးနေသော သတင်းစာ၊ စာစောင်ပေးပို့နေသော ပုဂ္ဂိုလ်များအနေဖြင့် နံနက်မိုးသောက် အလင်းမရောက်မီ အချိန်ကတည်းက နေ့စဉ်လုပ်ငန်းခွင်ဝင်ရောက်ရန် ကြိုတင်ပြင်ဆင်နေကြပြီး နံနက်ပိုင်း သတင်းစာပို့လုပ်ငန်းခွင်ကို ကျေပွန်စွာ လုပ်ကိုင်နေသည်ကို မြင်တွေ့နေရကြောင်း သတင်းစာဖတ်သူတစ်ဦးအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ **(မောင်စေအောင်)**



**သန်လျင် အထက (၁)မှ သက်ပြည့်အငြိမ်းစားယူသွားကြသည့် အသက် (၈၀) နှင့်အထက် ဆရာကြီး ဆရာမကြီး ၂၂ ဦးအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အာဟာရ ဆေးဝါးနှင့် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ စီကို ဧပြီ ၁၀ ရက်က အငြိမ်းစားဆရာကြီး ဆရာမကြီးများ၏ နေအိမ်များသို့ လိုက်လံထောက်ပံ့ပေးအပ်စဉ်။** သန်းဝင်း(သန်လျင်)



# အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

**မန္တလေးတိုင်းဒေသကြီး**

**အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ (Delivery Unit)၏ ၂၁-၃-၂၀၁၄ ရက်နှင့် ၂၂-၃-၂၀၁၄ ရက်များတွင် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်အတွင်း မေးမြန်းအချက်ပြုချက်အရ စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ**

**နွားထိုးကြီးမြို့နယ် ကန်နားကန်သည် ကန်အတွင်းနုန်းမြေ ၁၂ ပေကျော်ရှိသဖြင့် ကန်တိမ်ကော၍ ယခုနွေရာသီတွင် ကျန်သည့်တာကျင်းနှစ်သိန်းအား အမြန်ဆုံးပြီးစီးအောင် ဖော်ပေးရန်မေးမြန်းချက်**

ကန်နားကန်အတွင်း ကျန်ရှိသည့်နုန်းမြေတာကျင်း နှစ်သိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကန်နားကန်ရေသောက်ဧရိယာတွင် ကန်နားရွာ တောင်သူများမှ မိုးကြိုနှမ်းဧက ၈၀၀ နှင့် ရသစ်ရွာတောင်သူများမှ မိုးကြိုနှမ်းဧက ၄၀၀ ပေါင်း ၁၂၀၀ ဧက စိုက်ပျိုးရေးအတွက် ၃/၂၀၁၄ လအတွင်း ကန်မှရေလွှတ်ပေးရန် မေးမြန်းချက်**

၂၆-၃-၂၀၁၄ ရက် နံနက်က ကန်နားကန်၏ ကန်တွင်းစေတီအနီးတွင် ခရိုင်စိုက်ပျိုးရေးကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့တို့သည် တောင်သူများနှင့်တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ၂၆-၃-၂၀၁၄ ရက် ကန်ရေလက်ကျန် ၁၅၇၅ ဧကပေရှိ၍ နွေစပါး ၁၅၀ ဧကအတွက် ရေဧကပေ ၁၀၀၀ လွှတ်ပေးပြီး ကျန်ရေ ၅၇၅ ဧကပေအား မိုးကြိုနှမ်း စိုက်ပျိုးရေးအတွက် ရေလွှတ်ပေးရန်နှင့် ၂၈-၃-၂၀၁၄ ရက်မှစတင်၍ ရေပေးဝေလျက်ရှိပါသည်။

**နွားထိုးကြီးမြို့နယ် ခက်လမ်းရွာမြောက်ဘက်ရှိ ပန်းတောရိုးဆည်သည် နှစ်စဉ်တာရိုးကျိုးလျက်ရှိကြောင်း၊ သို့ပါ၍ ပန်းတောရိုးဆည်အား ဆည်မြောင်းမှ ပြန်လည်စိစစ်၍ ဆည်အောက်တောင်သူများ ရေသုံးစွဲမှုရရှိရေးဆောင်ရွက်ပေးရန် မေးမြန်းချက်**

ဆည်မြောင်းဦးစီးဌာနမှ လက်ရှိမြောင်းဟောင်းပြောင်းရွှေ့ဖောက်ရန် အလျားပေ ၄၀၀၀ နှင့် မြောင်းအသစ်ထပ်မံဖောက်ပေးရန် ပေ ၉၀၀၀ စုစုပေါင်း မြောင်းဖောက်ပေးရန် ပေ ၁၃၀၀၀ ပြုလုပ်ပေးရမှာဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်မပါဝင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာတွင် မိုးကောင်းသောက် ဧရိယာမှ စပါးစိုက်ဧက ၃၀၀၀ အတွက် တောင်သူများ စုပေါင်းတူးဖော်ထားသည့် ရေကန်များမှာ ယခုအခါ တိမ်ကော၍ ရေအဝင်နည်းပါးလျက်ရှိကြောင်း အစိုးရအဖွဲ့၏အကူအညီဖြင့် ကန်များပြုပြင်ရေး မေးမြန်းချက်**

နွားထိုးကြီးမြို့နယ်တွင် ရေကန်ပေါင်း ၉၆ ကန် ပြန်လည်တူးဖော်ရန် အနက်မှ ၇၇ ကန် တူးဖော်ပြီး၍ ၁၉ ကန် ကျန်ရှိနေသေးကြောင်း၊ ယင်း ၁၉ ကန်ပြီးပါက Back Hole တစ်စီး ကူညီပေးနိုင်သော်လည်း ကုန်ကျစက်သုံးဆီကို တောင်သူများမှ ကျခံနိုင်မည်ဆိုပါက မြို့နယ်ဆည်မြောင်းဦးစီးဌာနသို့ အမြန်ဆုံး လာရောက်ဆက်သွယ်ကြပါက ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

**သာစည်မြို့နယ် ကောက်စိုက်စက်များ ရိတ်သိမ်း/ခြွေလှေ့စက်များကို တောင်သူများသို့ အရစ်ကျရောင်းချပေးရန် မေးမြန်းချက်**

ကောက်စိုက်စက်၊ ရိတ်သိမ်း/ခြွေလှေ့စက်များကို မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်မြို့များရှိ စက်မှုလယ်ယာဌာနများတွင် တောင်သူများက သွားရောက်ကြည့်ရှုပြီး ကြိုက်နှစ်သက်မှုရှိပါက သုံးရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဒေါင်ဖန်းထွန်စက် ဈေးနှုန်း ၁၆၂၃၀၀၀ ကျပ်၊ လက်ကိုင်ရှည်ထွန်စက် ဈေးနှုန်း ၁၅၄၈၉၀၀ နှုန်းရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း သာစည်မြို့နယ် စက်မှုလယ်ယာမှ တောင်သူများသို့ လက်တွန်းထွန်စက် ၄၄ စီး အရစ်ကျရောင်းချပေးခဲ့ကြောင်း ဖြေကြားပါသည်။

**သာစည်မြို့နယ်မြောက်ဘက်ဒေသတွင် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်း ယခင်က လုပ်ကိုင်ခဲ့သော်လည်း ယခုအခါ ရပ်တန့်သွားခဲ့၍ ပြန်လည်အကောင်အထည်ဖော်ပေးရန် မေးမြန်းချက်**

မိတ္ထီလာလွင်ပြင်လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကင်းတားဆည်ရေခွဲဝေရရှိမှုနှင့် လျှပ်စစ်ဓာတ်အား ရရှိမှုအပေါ်မူတည်၍ ရေတင်အဆင့် နှစ်ဆင့်တွင် စပါးနှင့် အခြားသီးနှံဧက ၁၅၀၀ ခန့်အား နှစ်စဉ် ဝမ်းတွင်းမြို့နယ်တွင် ပေးဝေလျက်ရှိကြောင်း၊ ရေတင်အဆင့် ရှစ်ခုအနက် ကျန်ခြောက်ဆင့်အား ရန်ပုံငွေခွင့်ပြုငွေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ တွင် ခွင့်ပြုရန်ပုံငွေမပါရှိသေး၍ လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း ဖြေကြားပါသည်။

**သာစည်မြို့နယ် ထန်းနောင်းကိုင်းရွာအနီးရှိ စမုံဆည်မြောင်းကူးတံတား အလျား ပေ ၂၅၀၊ အနံ ၁၀ ပေ တံတားဆောက်လုပ်ပေးရန်မေးမြန်းချက်**

ခရိုင်ဆည်မြောင်းဦးစီးဌာနက စမုံလက်ယာမြောင်းကူးတံတား သုံးစင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားပါသည်။

**မန္တလေးတိုင်းဒေသကြီး**

**အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီ (Delivery Unit) ၏ ၂၂-၃-၂၀၁၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်အတွင်း မေးမြန်းအချက်ပြုချက်အရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် အခြေအနေ**

**သာစည်မြို့နယ် သဲခုံ-သာဂရလမ်းအရှည် တစ်မိုင်ခွဲရှိရာ လေးဖာလုံသာ ကျောက်ခင်းပြီး၍ ကျန်ရှိသည့် တစ်မိုင်အရှည်အား ကျောက်ချောခင်းပေးရန် မေးမြန်းချက်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲခုံ-သာဂရလမ်း ကျောက်ချောခင်းရန် ကျန်ရှိသည့် တစ်မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**သာစည်မြို့နယ်တွင် နွေအခါရေရှားပါးသည့် ရွာပေါင်း ၂၀ ရှိကြောင်း၊ သောက်သုံးရေလုံလောက်မှုရှိရေးအတွက် ကူညီပေးရန် မေးမြန်းချက်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီ**

## သွားလာရေးမခက် ကားခဈေးတက်

**ရန်ကုန်  မေ  ၁၇**

မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း၊ မြို့ပြင်ခရီးသွားလာရေး အဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းပေါင်းစုံမှ မော်တော်ယာဉ်များ ပြေးဆွဲပေး၍ ရုံးတာဝန်ကျသူများနှင့် ခရီးသွားပြည်သူများ အဆင်ပြေကြသော်လည်း မြောက်ဥက္ကလာကြိုးတံတားမှ ရွှေဂုံတိုင်သို့ ငွေကျပ် ၂၀၀ ခရီးအား ငွေကျပ် ၅၀၀ ထိလည်းကောင်း၊ ရွှေဂုံတိုင်မှ ဆူးလေသို့ ငွေကျပ် ၁၀၀ ခရီးအား ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ ပန်းဆိုးတန်းမှ လမ်း (၅၀)သို့ ငွေကျပ် ၅၀ ခရီးအား ငွေကျပ် ၂၀၀ ထိလည်းကောင်း ကားခများ တိုးမြှင့်ပေးနေရခြင်းကြောင့် တာဝန်ကျဝန်ထမ်းများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေးမခက်သော်လည်း ကားခဈေးတက်မှုများကြောင့် စိတ်ဆင်းရဲမှုများဖြစ်ခဲ့ရကြောင်း သိရသည်။

**ကောင်းနန္ဒကျော်(ကြေးမုံ)**



# ပြန်လည်စုံတွဲခုတ်လာသည့် ကက်သရင်းဇီတာဂျုံးတို့စုံတွဲ

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

ဟောလိဝုဒ်၏ နာမည်ကြီးစုံတွဲတစ်တွဲဖြစ်သည့် မင်းသားကြီး မိုက်ကယ်ဒေါက်ဂလပ်နှင့် မင်းသမီး ကက်သရင်း ဇီတာဂျုံးတို့သည် ယမန်နှစ်က နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ယခုအခါ ပထမဆုံးအကြိမ်အနေဖြင့် ဟောလိဝုဒ်၏ကော်ဇောနီပေါ်တွင် အတူတွဲလျှောက်လာခဲ့ကြခြင်းဖြစ်သည့်အတွက် ပရိသတ်များ အထူးစိတ်ဝင်စားလျက်ရှိသည်။

အဆိုပါစုံတွဲသည် ဒါရိုက်တာ Steven Soderbergh ရိုက်ကူးပုံဖော်ထားသည့် The Library ဇာတ်ကား စတင်မိတ်ဆက်ပြသသည့် နယူးယောက်မြို့ရှိပြဇာတ်ရုံတစ်ခု၏ ကော်ဇောနီပေါ်တွင် အတူယှဉ်တွဲလျှောက်လှမ်းလာခဲ့သောကြောင့် ပရိသတ်များအနေဖြင့် သံသယပွားစရာများ ဖြစ်လာခဲ့သည်။




ထို့အပြင် အသက် (၄၄)နှစ်အရွယ် မင်းသမီး ကက်သရင်းနှင့်အတူ အနုပညာလုပ်ငန်းများကိုအချိန်ကြာမြင့်စွာ အတူလက်တွဲလုပ်ကိုင်ခဲ့သူ မင်းသားကြီး မိုက်ကယ်ဒေါက်ဂလပ်က "ကျွန်တော်တို့ အနုပညာတွေကို အတူတကွ ဆက်လုပ်သွားဦးမှာပါ"ဟု ပြီးခဲ့သည့် စက်တင်ဘာလက ဆိုခဲ့သည်။

မင်းသမီး ကက်သရင်းဇီတာဂျုံးသည် ၂၀၁၃ ခုနှစ်အတွင်းက နာမည်ကြီးဇာတ်ကားများဖြစ်သည့် Broken City နှင့် Side Effects ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ထားခဲ့ပြီး ယခုနှစ်အတွက် အနုပညာလှုပ်ရှားမှုအနေဖြင့်ကလီယိုပက်ထရာ မင်းသမီးအဖြစ် ဘရော့ဒ်ဝေးပြဇာတ်များတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။




# ဝါရင့်သရုပ်ဆောင်များ ပူးပေါင်းပါဝင်ထားသည့် The Expendables 3 ဇာတ်ကား

ယခုနှစ် ဩဂုတ်လတွင် ထွက်ရှိလာမည့် တတိယမြောက် Expendables ဇာတ်လမ်းတွဲ၏ ဇာတ်ကားသစ်ဖြစ်သည့် The Expendables 3 ဇာတ်ကားသည် ထူးခြားစွာဖြင့် ဝါရင့်သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည့်အတွက် တစ်မူထူးခြားသည့် ဇာတ်ကားတစ်ကားဖြစ်လာမည်ဖြစ်ကြောင်း မင်းသားကြီး စတားလုံးက ဖွင့်ဟခဲ့သည်။

အဆိုပါ The Expendables 3 ဇာတ်ကားတွင် ဂျေဆွန်စတသန်၊ အာနိုး၊ မဲလ်ဂျစ်ပ်ဆွန်၊ ဟာရီ စွန်ဖို့ဒ်စသည့် ဟောလိဝုဒ်၏ ဝါရင့်သရုပ်ဆောင်များသာမက အာရှ၏ နာမည်ကြီးမင်းသားတစ်ဦးဖြစ်သည့် ဂျက်လီလည်း ပါဝင်မည်ဖြစ်သည်။

"ဒီဇာတ်ကားမှာ ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ ဝါရင့်သရုပ်ဆောင်ကြီးတွေပါဝင်ထားပြီးတော့ တစ်ဦးချင်းစီက မတူညီတဲ့ဇာတ်ကောင်စရိုက်တွေမှာပါဝင်ထားတဲ့အတွက် ထူးခြားတဲ့ဇာတ်ကားတစ်ကားလို့ဆိုရမှာပါ။ ဥပမာ The Avengers ဇာတ်ကားလိုပေါ့"ဟု မင်းသားကြီး စတားလုံးက ဆိုခဲ့သည်။

# ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၄-၂၀၁၄ (သောကြာနေ့)

## MRTV

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၀ | ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ |
| ၆း၅၀ | "မန်းရွှေစက်တော်နှင့် မကွေးဘုရားစုံခရီးစဉ်" |
| ၇း၄၀ | "ချစ်တတ်ကြရအောင်" |
| ၉း၄၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၀း၁၅ | "ဘာတောဝါနော ဘရိုသတိ" |
| ၁၁း၁၀ | အဆိုပြိုင်ပွဲ |
| ၁၁း၃၀ | "အင်းလေးတစ်ခွင်သာစေချင် ဝန်းကျင်သဘာဝထိန်းသိမ်းကြ" |
| ၁၂း၂၅ | ဆေးရောင်စုံရုပ်ရှင် "မောင့်မူပိုင်ရှင်" (လွင်မိုး၊ ဒွေး၊ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကိုခန့်အောင်) |
| ၃း၁၅ | 'ပေါင်ပေါ်ကျတဲ့မိုး" |
| ၃း၄၀ | တေးဂီတအစီအစဉ် |
| ၄း၁၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ) |

## MRTV-4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၉း၄၀ | ရန်ကုန်မြင်ကွင်းကျယ် -တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ် (ရန်ကုန်-ရေဆင်း) ၁၉၈၂-၁၉၉၁ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ -စိန်ပင်လယ်စိန်ရွှေရတနာ ဆိုင်သစ်ဖွင့်လှစ်ပွဲ -မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိတ်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၄)သင်တန်းဆင်းပွဲ -မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအသင်း သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |

## MWD

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ယောဂ |
| ၆း၄၀ | မှတ်တမ်း |
| ၇း၂၀ | မြန်မာပြည်တွင် ထုတ်လုပ်သည် |
| ၇း၄၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၂၀ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၀ | "ရွာ"ဟာသဇာတ်လမ်းတွဲ (ဒါရိုက်တာ မိုးဇော်ကို) |



# ဘာစီလိုနာကို အနိုင်ရယူကာ စပိန်ကိုပါဒယ်ရေးဖလား ရီးယဲလ်မက်ဒရစ်ဆွတ်ခူး

စပိန် ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် လာလီဂါ၏ ထိပ်တန်းပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းအား နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ စပိန်ကိုပါဒယ်ရေးဖလားဆွတ်ခူးနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းသည် မက်ဆီ၊ အင်နီယေစတာ၊ နေမာ၊ ဖာဘရီဂတ်စ်၊ ဘတ်စကွက်၊ ဂျော်ဒီအယ်လ်ဘာ၊ မာရှေယာနို စသည့်ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့်လည်းကောင်း ရီးယဲလ်မက်ဒရစ်အသင်းသည် ဒီမာရီယာ၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်၊ မိုဒရစ်၊ အလွန်ဆို၊ အစ္စကို၊ ကာဗာဂျယ်၊ ရာမို့စ် စသည့်ကစားသမားများကို ၄-၃-၃ မဟာဗျူဟာပုံစံဖြင့် ပွဲထွက်ကစားလာခဲ့သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲကစားချိန် ၁၁ မိနစ်တွင် ဘင်ဇီမာ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် တိုက်စစ်မှူးဒီမာရီယာက အဖွင့်ဂိုးသွင်းယူပေးခဲ့ရာ ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် ဂျော်ဒီအယ်လ်ဘာနေရာတွင် အက်ဒရီယာနိုကိုလည်းကောင်း၊ ဖာဘရီဂတ်စ်နေရာတွင် ပက်ဒရိုကိုလည်းကောင်း လူစားလဲမှုများပြုလုပ်ခဲ့ပြီးနောက် ပွဲကစားချိန် ၆၈ မိနစ်တွင် ဇာဗီ၏ဖန်တီးပေးမှုကြောင့် ဘာထရာက ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့ရာ တစ်ဂိုးစီသရေဖြင့် ကိုပါဒယ်ရေးဖလားအနိုင်အရှုံးရလဒ်အတွက် အကြိတ်အနယ်ရှိလာခဲ့သည်။

သို့ရာတွင် အပြန်အလှန်တိုက်စစ်ဆင်မှုများနှင့် အတူ စိတ်ဝင်စားဖွယ်ကောင်းနေစဉ် ပွဲကစားချိန် ၈၅ မိနစ်၌ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်လ်ဘေးက ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကိုပါဒယ်ရေးဖလားဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါစပိန်ကိုပါဒယ်ရေးဖလားဆွတ်ခူးရရှိမှုသည် တိုက်စစ်မှူး ဂါရတ်ဘေးလ်အတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပထမဆုံးရယူပေးနိုင်ခဲ့သည့် ဖလားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ ဘာစီလိုနာအသင်းအတွက်မူ ယခု စပိန်ကိုပါဒယ်ရေးဖလားသာမက ချန်ပီယံလိဂ်တွင်လည်း ထွက်ခဲ့ရခြင်းကြောင့် လာလီဂါဖလားတစ်လုံးတည်းသာ မျှော်လင့်ချက်ထားနိုင်သည့်အနေအထားတွင် ရှိနေစဉ် ရီးယဲလ်မက်ဒရစ်အသင်းမှာမူ လက်ရှိဖလားတစ်လုံးလက်ဝယ်ဖြင့် ချန်ပီယံလိဂ်နှင့် လာလီဂါဖလားတို့ရရှိရေး မျှော်လင့်ချက်လည်း ရှိနေသေးသည်။



# ဂျူလီယန်ဒရက်ဇ်လာ ရှော်လ်ကေး၌ ဆက်ရှိမည်ဟု အေးဂျင့်ဖြစ်သူပြောကြား

ရှော်လ်ကေးအသင်းမှ ဂျာမနီကြယ်ပွင့် ဂျူလီယန်ဒရက်ဇ်လာသည် အာဆင်နယ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိရန် နီးစပ်မှုရှိနေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူကမူ မည်သည့်အသင်းသို့မျှ ပြောင်းရွှေ့ကစားလိမ့်မည်မဟုတ်ကြောင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်း၌သာ ဆက်ရှိနေမည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

ပရီမီယာလိဂ်ကလပ်အာဆင်နယ်အသင်းမှ နည်းပြအာစင်ဝင်းဂါးသည် အသက်(၂၀)အရွယ်ရှိ တိုက်စစ်မှူး ဒရက်ဇ်လာအား ဇန်နဝါရီလအတွင်းက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ပြီး အပြောင်းအရွှေ့ဈေးကွက်မပိတ်မီကာလအတွင်း ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းနှင့် အာစင်ဝင်းဂါးတို့ အလွတ်သဘောသဘောတူညီမှုရရှိခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဂျာမနီကြယ်ပွင့်ဒရက်ဇ်လာအား နွေရာသီအပြောင်းအရွှေ့ကာလအတွင်း စာချုပ်ခေါ်ယူရန် မျှော်လင့်ထားကြောင်းသိရသည်။ သို့ရာတွင် တိုက်စစ်မှူး ဒရက်ဇ်လာ၏ အေးဂျင့်ဖြစ်သူ ရော်ဂျာဝစ်မန်းကမူ ဒရက်ဇ်လာသည် ထိပ်တန်းအဆင့်ရှိအသင်းအများစု၏ စိတ်ဝင်စားမှုခံထားရသော်လည်း အနည်းဆုံးတစ်ရာသီကြာအထိ ရှော်လ်ကေးအသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



# ဒေါ့မွန်ကွင်းလယ်လူ မာကိုရုစ် မန်ယူသို့ ပြောင်းရွှေ့မည်ဆိုသည့်သတင်းများထွက်ပေါ်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ကွင်းလယ်ကစားသမား မာကိုရုစ်သည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့် သတင်းထွက်ပေါ်လျက်ရှိသည့်အပြင် မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်အနေဖြင့်လည်း ၎င်း၏ နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူမည့် စာရင်းတွင် မာကိုရုစ်အား ထိပ်ဆုံးမှ ထည့်သွင်းထားကြောင်းလည်း သိရသည်။

မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်သည် ကွင်းလယ်ကစားသမား မာကိုရုစ်အားခေါ်ယူရန် အချိန်အတော်ကြာ စောင့်ကြည့်မှုများ ပြုလုပ်ထားသည့်အပြင် ပြီးခဲ့သည့်သတင်းပတ်ကုန်ကလည်း အလိုင်းရန်နဲ့ အရီနာကွင်းကြီးထဲတွင် ပြည်တွင်းပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းအား ဒေါ့မွန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ဘွန်ဒက်လီဂါပွဲစဉ်တွင်လည်း စောင့်ကြည့်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ယင်းပွဲစဉ်တွင် ကွင်းလယ်ကစားသမား မာကိုရုစ်သည် ဒေါ့မွန်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂျာမနီ၏ အကောင်းဆုံးသော ကွင်းလယ်ကစားသမားများအနက်မှ တစ်ဦးအပါအဝင်အဖြစ် သတ်မှတ်ခံထားရသည့် မာကိုရုစ်သည် စတုဂတ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် ဟက်ထရစ်ဂိုးအပါအဝင် ပြီးခဲ့သည့်ပွဲစဉ်ရှစ်ခုတွင် ကိုးဂိုးအထိ သွင်းယူထားနိုင်ခဲ့သည့် ကစားသမားဖြစ်သည်။

ငွေကြယ်



## ပုလဲရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေဗိုလ်ချုပ်ဇေယျကျော်ထင်မောင်မောင်အုန်းနှင့် ချစ်မေမေ ဒေါ်ခင်ဆွေဝင်းတို့၏ ၁၈-၄-၂၀၁၄ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပြီး ချစ်သောသားသမီး မြေးတို့နှင့်အတူ ကျန်းမာသက်ရှည်စွာဖြင့် အတူအတကွ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သမီးကြီး - မောင်နေလင်း-Dr.အိမ့်မို့မို့အောင်**

**မြေးလေး - မောင်ထက်မြတ်နေလင်း**

**သားလတ် - မောင်ရန်လင်းမောင်မောင်**

**သားငယ် - မောင်ဉာဏ်လင်းမောင်မောင်**

## အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ
## (၁၉၉၄-၁၉၉၅ ပညာသင်နှစ်)

၁၉၉၄-၁၉၉၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်(၂၀)အတွင်း ပထမဆုံးအကြိမ် ပြုလုပ်မည့် အာစရိယပူဇော်ပွဲကို မကြာမီအချိန်ကာလတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကြောင်းကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ သူငယ်ချင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| စိုးနိုင်ဦး | ၀၉-၄၅၀၀၅၈၉၄၈ | မြတ်သူ | ၀၉-၃၁၀၃၉၇၇၀ | စိုးသန္တာ | ၀၉-၅၀၄၆၇၃၆ |
| ဇေယျာသိန်း | ၀၉-၅၅၁၄၄၅၅ | ဇော်မင်းထွန်း | ၀၉-၅၀၁၅၈၃၇ | ခင်ချမ်းအေး | ၀၉-၅၀၈၂၈၈၃ |
| စိုးထွဋ်အောင် | ၀၉-၇၃၀၀၂၂၇၂ | ဘလှအောင် | ၀၉-၇၃၂၄၂၄၂၇ | လွှင်လွှင်မော် | ၀၉-၄၅၀၀၀၇၆၂၂ |
| ဇော်ဇော်လင်း | ၀၉-၄၄၈၀၀၁၈၉၈ | အောင်ကျော်ထွဋ် | ၀၉-၅၄၀၈၈၃၂ | ညိုညိုငြိမ်း | ၀၉-၂၅၄၂၀၃၀၈၉ |
| ရဲမင်းထွန်း | ၀၉-၇၃၁၇၉၁၈၁ | ဉာဏ်လင်း | ၀၉-၅၁၂၆၆၂၂ | ချောစုပြုံး | ၀၉-၇၃၀၁၁၂၆၀ |






မြန်မာသက္ကရာဇ် ၁၃၇၅ - ၁၃၇၆ ခုနှစ်
ပြည်သူ့အတွက်
SKY NET
နှစ်သစ်မင်္ဂလာဆုတောင်း
ချစ်ခင်လေးစား မေတ္တာထားအပ်ပါသော
မြန်ပြည်တစ်ဝန်းမှ မိတ်ပြည်သူညီအစ်ကို
မောင်နှမ မိတ်ဆွေ သင်္ဂဟများ အားလုံးတို့သည်
ယနေ့မှ စတင်သည့် မင်္ဂလာရှိသော နှစ်သစ်
အခါသမယတွင် SKY NET မှမေတ္တာ
စေတနာ အပြည့်ဖြင့် ကြိုးစားတင်ဆက် ထုတ်လွှင့်
ပြသပေးနေသော သုတ၊ ရသ ပြည့်ဝစုံလင်
ရုပ်မြင်သံကြား အစီအစဉ်ကောင်းများအား မိမိတို့ မိသားစုနှင့်အတူ သီရိဂေဟာတွင်
ပီတိဝေဖြာစွာ ကြည့်ရှုခံစားရင်း ၊
-ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ဝေနိုးဖြာ ကြပါစေကြောင်း၊
-ကောင်းကျိုးလိုအင်ဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေကြောင်း၊
-အတ္တဟိတ၊ ပရဟိတ နှစ်ဖြာသောအကျိုးကို ဆထွားတိုးတက် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊
SKY NET
မိသားစုမှ မေတ္တာထား၍ လေးစားစွာဖြင့် နှစ်သစ်
ဆုမွန်ကောင်းတောင်းကာ မေတ္တာအနန္တပို့သအပ်ပါသည်။

# ရခိုင်ရိုးရာ ကျင်ပွဲ ထိုင်းနိုင်ငံနေရာအနှံ့စည်းကားစွာကျင်းပ

**မဟာချိုင်၊ ဧပြီ ၁၆**

ထိုင်းသင်္ကြန်အကျနေ့ဖြစ်သော ဧပြီ ၁၃ ရက်က ထိုင်းနိုင်ငံနေရာ အနှံ့ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသော ရခိုင်ရွှေ့ပြောင်း အလုပ်သမားများက ရခိုင်ရိုးရာကျင်ပွဲများကို စည်ကားစွာကျင်းပခဲ့ကြကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myan-marAssociationinThailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။



အဆိုပါ ရခိုင်ရိုးရာ ကျင်ပွဲများကို ဗန်ကောက်မြို့အနီးရှိ မဟာချိုင့်မြို့ မူစီရပ်ကွက် ဝပ်ထစ်ဘုန်းတော်ကြီးကျောင်း၌ ရက္ခဝံသ ရခိုင်လူငယ် အသင်းကကြီးမှူး၍ ဘုရားရေသပ္ပါယ်ခြင်းနှင့် ရခိုင်ရိုးရာကျင်ပွဲအား နဝမအကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြခြင်းလည်းဖြစ်သည်။

ထိုင်းနိုင်ငံရောက်ပွဲကျင်းပရေး ကော်မတီဝင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ဦးခင်မောင်က "ရခိုင်တိုင်းရင်းသားများအနေဖြင့် ရိုးရာ အမွေအနှစ်များအား အစဉ်အမြဲ ထိန်းသိမ်းတတ်ကြစေရန်နှင့် ထိုင်းနိုင်ငံရောက် ရခိုင်တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦးပိုမိုချစ်ခင်စည်းလုံးကြစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြောခဲ့သည်။



အဆိုပါ ကျင်ပွဲတွင် ရွှေမောင်းတန်းနှင့် ငွေမောင်းတန်းဟူ၍ နှစ်မျိုးကျင်းပကြောင်း သိရသည်။ ရွှေမောင်းတန်းတွင် ကျင်ပညာနှင့် ပတ်သက်၍ ကျွမ်းကျင်နားလည်သူများသာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ငွေမောင်းတန်းတွင် ဝါသနာရှိသူများနှင့် အတွေ့အကြုံနည်းသေးသူများ ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိကြကြောင်း ဆက်လက်ရှင်းပြခဲ့သည်။

မဟာချိုင်မြို့ မူစီရပ်ကွက် ဝပ်ထစ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သော ကျင်ပွဲတွင် ရွှေမောင်းတန်းပထမဆုကို ဘတ်ငွေ ၆၅၀၀၊ ရွှေမောင်းတန်း ဒုတိယဆုကို ဘတ်ငွေ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး ငွေမောင်းတန်း ပထမဆုကို ဘတ်ငွေ ၄၅၀၀ နှင့် ငွေမောင်းဒုတိယဆုကို ဘတ်ငွေ ၃၅၀၀ ချီးမြှင့်မည်ဖြစ်သည်။

ထို့နောက် ရွှေမောင်းတန်း၌ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၈ ဦးနှင့် ငွေမောင်းတန်း ဝင်ရောက်ယှဉ်ပြိုင်သူ ၁၃၀ တို့ရှိကြရာ ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသူ စုစုပေါင်း ၁၃၈ ဦး ရှိခဲ့ကြောင်းသိရပြီး ရွှေမောင်းတန်း ပထမဆုကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ကိုခိုင်လင်းက ရရှိခဲ့ကာ ရွှေမောင်းတန်း ဒုတိယဆုကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ကိုမောင်မြင့်က ရရှိခဲ့ကြောင်းလည်းသိရသည်။

ငွေမောင်းတန်းပထမဆုကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကိုချစ်မင်းနှင့် ငွေမောင်း ဒုတိယဆုကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ကိုမျိုးနိုင်တို့က အသီးသီး ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားခဲ့ကြသည်။ ပထမနှင့် ဒုတိယ ဆုများမရရှိခဲ့သော်လည်း အနာဂတ်အတွက် အလားအလာကောင်းသော ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ အောင်နိုင်ရွှေအား အထူးဆု အဖြစ် သီးသန့်ချီးမြှင့်ခဲ့သေးကြောင်းသိရသည်။

အဆိုပါ ကျင်ပွဲသို့ ဗန်ကောက်မြို့မှ လာရောက် အားပေးကြည့်ရှုသူ တစ်ဦးဖြစ်သော ကျောက်တော်မြို့မှ ကိုကျော်ဝင်းက "ကျင်ဆိုသည်မှာ ကျားရဲများ၊ သားကောင်များကို လျင်မြန်စွာ ခုန်အုပ်ပြီး မြေပေါ်သို့ လှဲချသကဲ့သို့ လျင်ခြင်းကို=လျင်+ဟုခေါ်ရာမှ အချိန်ကြာလာတဲ့အခါ= ကျင်+ဟု အခေါ်အဝေါ်ရွေ့လာခြင်းဖြစ်ကြောင်း၊ ကျင်ကိုင်ခြင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း ငါးထောင်ကျော်ကတည်းက ရခိုင်တွင် စတင်လိုက်စားခဲ့ကြကြောင်း၊ တစ်သီပုဂ္ဂလ အလှူအတန်းမှအစပြု၍ ရဟန်းခံရှင်ပြုပွဲ၊ ဘုန်းကြီးပျံပွဲ၊ ပြည်ထောင်စုပွဲ၊ သီတင်းကျွတ်ပွဲနှင့် သင်္ကြန်အခါသမယတွေမှာ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲကို ထည့်သွင်းကျင်းပလေ့ရှိကြပါ တယ်" ဟုပြောခဲ့သည်။

ရခိုင်လူမျိုးတို့၏ ရိုးရာအားကစားမျိုးဖြစ်သော ကျင်ပွဲကို မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများဖြစ်ကြသော ရခိုင်အမျိုးသားများသာမက အခြားမြန်မာတိုင်းရင်းသားများ ဖြစ်ကြသည့် ဗမာ၊ မွန်၊ ထားဝယ်တိုင်းရင်းသား ညီ့ပရိသတ်ပေါင်း ၄၀၀ ကျော်ခန့် လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်းသိရပြီး ရခိုင်ရိုးရာကျင်ပွဲကို မဟာချိုင်မြို့တွင်သာမက ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်၊ ဟတ်ယိုင်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်း မဲဆောက်မြို့တို့တွင်လည်း တစ်ပြိုင်တည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း စုံစမ်းသိရသည်။

**စိုးဝင်း**(MLA)

## ဖျာပုံရှိ စိုက်ပျိုးရေး ပညာရှင်များအား နည်းပညာမွမ်းမံ

**ဖျာပုံ၊ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်တွင်းရှိ မြို့နယ်များနှင့် စိုက်ပျိုးရေး ပညာရှင်များအား နည်းပညာပေး မွမ်းမံသင်တန်းကို ဧပြီ ၇ ရက်မှ ၈ ရက်အထိ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များနှင့် မျိုးသန့်ခြံတို့မှ ဝန်ထမ်းဦးရေ ၆၀ ကျော် တက်ရောက်ခဲ့သည့် အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးနည်းပညာပေးအဖွဲ့က လာရောက်ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင် တက်ရောက်ကာ ဧရာဝတီတိုင်းဒေသကြီး၏ အဓိက ဆန်စပါး စိုက်ပျိုးရာဒေသဖြစ်သော ဖျာပုံခရိုင်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းက အဓိကကျပြီး စိုက်ပျိုးရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ စိုက်ပျိုးနည်းပညာများကို တောင်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။ **သူဇာနွယ်(ဖျာပုံ)**

## မိတ္ထီလာတွင် ဒုရဲအုပ် တစ်ဦး ခါတ်လိုက်သေ

**မိတ္ထီလာ၊ ဧပြီ ၁၇**

မိတ္ထီလာမြို့ အမှတ်(၂) ရဲစခန်းဝင်း အတွင်း ဧပြီ ၁၄ က ဒုရဲအုပ် ရဲမင်းထွန်း (အလုပ်သင်) ဓါတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

၎င်း၏ ဆိုင်ကယ်အား ရေကန်တွင် ရေဆေးခဲ့ပြီး ဆိုင်ကယ်သုတ်အဝတ်အား ခါလိုက်စဉ် လျှပ်စစ်ဝါယာကြိုးနှင့် ထိမိရာမှ ဓါတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၅၇၉)**

Congratulation!

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံ Victoria University College နှင့် ဗြိတိန်နိုင်ငံ University of Wolverhampton တို့ ပူးတွဲပြီး Business / Engineering / Health & Social Care Bachelor (Hons:) သင်တန်းများကို Victoria University တွင်ဖွင့်လှစ်ရန် ၂၀.၃.၂၀၁၄ နေ့တွင် MOU လက်မှတ် ရေးထိုးနိုင်ခြင်းအတွက် မိဘများနှင့်ကျောင်းသား/သူများမှ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း

HND (Final Year)
ကျောင်းသား/သူများ နှင့် မိဘများ
Victoria University College

# ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကျေးလက်များ ၂၄ နာရီ လျှပ်စစ်မီး ရတော့မည်

**ဒေါ့ဖုန်းယန်၊ ဧပြီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲအတွင်းရှိ ကျေးရွာများအားလုံး ၂၄ နာရီပတ်လုံး လျှပ်စစ်မီးရရှိရေးအတွက် ဗန်းမော်မြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဗန်းမော်မြို့နယ် မြို့သစ်ကျေးရွာ၌ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံတစ်ရုံနှင့် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၌ ၆၆/၁၁ ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

"ယခုအခါ ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၌ ဓာတ်အားခွဲရုံတ ည်ဆောက်ခြင်းနှင့် ဝန်ထမ်းများနေထိုင်ရန်အတွက် လေးခန်းတွဲနေအိမ် တစ် လုံး၊ နှစ်ခန်းတွဲ နေအိမ် တစ်လုံးကို ယခုဘဏ္ဍာနှစ်အတွင်း အပြီးသတ်ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးနေကြောင်း၊ အဆိုပါဓာတ်အားခွဲရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်းဖြင့် ဒေါ့ဖုန်းယန်မှ ဒိန်ဂါယန်ကျေးရွာနှင့် ခါလားယန်ကျေးရွာသို့လည်းကောင်း၊ ဖာကေကျေးရွာ၊ နမ့်ဝိုင်ကျေးရွာ၊ သိန်လုံကျေးရွာ၊ တိန်ဘုရားကျေးရွာ၊ မခွယ်ကျေးရွာသို့လည်းကောင်း၊ နမ့်ဝိုင်ကျေးရွာမှ တာဆိုင်ကျေးရွာ၊ တိန်းမကြိုင်းကျေးရွာ၊ မံသဲကျေးရွာ၊ လွယ်မောက်ယန်ကျေးရွာ၊ တုန်ဟုန်းယန်ကျေးရွာများသို့ ဓာတ်အားလိုင်များ ဆွဲယူသွယ်တန်းခြင်းလုပ်ငန်းများကို ဝင်းထီလာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း" တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ ၁၀၀ ကေဗွီဓာတ်အားပေးစက်ဖြင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းများကို မြို့နယ်ခွဲ လျှပ်စစ်ဦးစီးဌာနမှူး ဦးငွန်ဇာခိန်းနှင့်အတူ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မကြာမီကာလအတွင်း ဒေါ့ဖုန်းယန်မြို့နယ်ခွဲနှင့် ကျေးလက် ဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပေးဝေနိုင်တော့မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရက ပြည်နယ်ပြည်မ၊ မြို့ပြကျေးလက် မခွဲခြားဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်းတူညီမျှ ခံစားနိုင်ရေးအတွက် ထားရှိသည့်မေတ္တာစေနာကို ဒေသခံပြည်သူများ ရရှိခံစားရတော့မည်ဖြစ်၍ အထူးဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်ပြန်ဆက်**



## အတာကူးသည့်နှစ်ဦးကာလ ကြည်နူးဖွယ်မြင်ကွင်း

**မန္တလေး၊ ဧပြီ ၁၇**

သင်္ကြန်ကာလတွင် မြန်မာပြည်တစ်ဝှမ်းရှိ မြို့နယ်ရပ်ကွက်များတွင် အာရုဏ်ဦးဘုံဆွမ်း ဆက်ကပ်လောင်းလှူကြသူများနှင့် အထူးကြည်နူးဖွယ်ရာ တွေ့မြင်ကြရသည်။

နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် ယခုလိုတန်ခူးလသင်္ကြန်ကာလ၌ လူငယ်လူရွယ်လူလတ်ပိုင်းတို့မှာ မိမိတို့၏တစ်နှစ်တာဘဝ လှုပ်ရှားရုန်းကန်မှုတို့အတွက်ပေးဆပ်ခဲ့ရသော ဒေါသ၊ သောက၊ လောဘ၊ မောဟခံစားမှုတို့အား သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်တွင် ခွန်အားများဖြစ်ပေါ်စေသကဲ့သို့ သက်ကြီးရွယ်အိုတို့မှာလည်း တစ်နှစ်ကူးလေတိုင်း မိမိတို့၏နေဝင်ဆည်းဆာချိန် နီးကပ်လာသည်ကို သိရှိပြီး ဒါန၊ သီလ၊ ဘာဝနာ ရိက္ခာထုပ်ကြီးကို သယ်ဆောင်၍ အိမ်အပြန်လမ်း သာယာဖြောင့်ဖြူးစေရေးအတွက် သင်္ကြန်တွင်း ကာလတွင် ဘုရားကျောင်းကန်များ၌ ဥပုသ်သီလဆောက် တည်ခြင်း၊ ရိပ်သာများ၌ တရားစခန်းဝင်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ သံဃာတော်များနှင့် ရိပ်သာဝင်ယောဂီတို့အား အာရုဏ်ဆွမ်း နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရပ်ကွက်အသီးသီး၌ စုပေါင်း၍ သံဃာတော်များအား ဘုံဆွမ်းများဆက်ကပ်လောင်းလှူခြင်းများဖြင့် လှူဒါန်းမှုပြုနေကြသည့် မြင်ကွင်းများမှာ အတာကူးသည့်နှစ်ကူးကာလတွင်ကြည်နူးမှုများစွာဖြင့်ချစ်စရာ မြန်မာ့ဓလေ့များပင်ဖြစ်ပါသည်။

**မင်းထက်အောင်**

# အတာပန်းအိုးများဖြင့် မုံရွာမြို့ရှိ ဘုရားစေတီများတွင် ကပ်လှူသူများပြား

**မုံရွာ၊ ဧပြီ ၁၇**

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော် အတက်နေ့ဖြစ်သော ဧပြီလ ၁၆ ရက်နေ့ သည် ဗုဒ္ဓဟူးနေ့တွင် ကျရောက်ခဲ့သဖြင့် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများ အတာစားကြောင်း သိရှိရသည်။ နှစ်သစ်တွင် အညံ့ အခိုက်များ ပြေစေရန်၊ လုပ်ငန်း ကိုင်ခန်းများနှင့် အစစအရာရာတွင် အဆင်ပြေပြီး သက်ရှည်ချမ်းသာစေရေးအတွက် မုံရွာမြို့ရှိ အထင်ကရ စေတီများရှိ ရှစ်မျက်နှာ စေတီများရှိ ဗုဒ္ဓဟူးနံ ဘုရားများတွင် ဗုဒ္ဓဟူးနေ့သား/သမီးများက အတာပန်းအိုးများ ကပ်လှူခြင်း၊ ဘုရားသို့ သက်စေ့ ရေသပ္ပာယ်ခြင်းနှင့် ဇီဝိတဒါန ငါးနှင့် ငှက်များလွှတ်ပြီး ဒါန ကုသိုလ်ကောင်းမှုများ စိတ်အေးချမ်းသာစွာ ဆောင်ရွက်နေကြသည်။



အတာပန်းအိုးများ ဘုရားသို့ လာရောက်ကပ်လှူသူ အမျိုးသမီးတစ်ဦးကလည်း "အိမ်မှာက သမီးလေးနဲ့ အမျိုးသားက ဗုဒ္ဓဟူးနေ့သား/ သမီးတွေလေ ဒီနှစ် ဗုဒ္ဓဟူးတွေ တာစားတယ်လေ ဒါကြောင့်မို့ အတက်နေ့ မနက်စောစော ဘုရားလာပြီး သူတို့အတွက် အညံ့အခိုက်တွေပြေပြီး ကျန်းမာအဆင်ပြေဖို့ လာရောက် ဆုတောင်းတာ။ သိကြားမင်းကလည်း ဒီနှစ်မြွေစီးပြီး လှံပြည်ကို ဆင်းတယ်တဲ့။ ဒါကြောင့်မို့အစစအရာရာ အဆင်ပြေအောင် လာဆုတောင်းတာပါ" ဟု ပြောကြားခဲ့သည်။

မြို့တွင်းရှိ လမ်းများ တစ်လျှောက်တွင်လည်း သံဃာတော်များအား သံဃာ့ဒါန ဆွမ်းဆန်စိမ်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပြီး ကုသိုလ်ယူ ဆောင်ရွက်နေကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## လင်မယားရန်ဖြစ် ဇနီးသေဆုံး

**နတ်တလင်း၊ ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကျိုးပင်ဆင်ဂေါင်းရွာနေ ဦးလွန်းတင်(၅၅) နှစ်သည် ဧပြီ ၁၀ ရက် နံနက် ၁ နာရီတွင် ၎င်း၏နေအိမ်အောက်၌ ဇနီးဖြစ်သူ ဒေါ်နွဲ့ရီ (၅၅) နှစ်နှင့် စကားများရန်ဖြစ်ရာမှ အနီးရှိ သစ်သားချောင်းတစ်တောင်ခန့်ဖြင့် ဦးခေါင်းကို ရိုက်ရာ ဦးခေါင်း၏ ညာဘက် နားနောက် ပေါက်ပြဲဒဏ်ရာရရှိပြီး တာပွန်ဆေးရုံသို့ တက်ရောက်ကုသစဉ် သေဆုံးသွားသဖြင့် ဦးလွန်းတင်အား ပ/၂၄ ပုဒ်မ ၃၀၂ ဖြင့် စခန်းမှူး ရဲအုပ်အောင်နိုင်ဝင်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၇၁)**

ရိုးလုံရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုးလုံရွှေဆိုင် အမှတ် (၁)၊ (၂)၊ (၃)၊ ချွန်းလုံရွှေဆိုင်နှင့် ချွန်းလုံရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာ အပေါင်းနှင့် ပျော်ရွှင်ချမ်း မြေ့ကြပါစေကြောင်း ရိုးလုံမိသားစုရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Ph- 01-8550634, 09-450051313, 01-200747(Ext)2008

ဦးလှအေး+ဒေါ်ခင်မြင့်လွင် ရိုးလုံရွှေဆိုင်ကြီး (ရန်ကုန်မြို့)



အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ဝမ်းနည်းကြေကွဲခြင်း

**ဦးချုသန်း(နာယက)**

**အသက်(၉၁)နှစ်**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ နာယက ဦးချုသန်းသည် ၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်သန်း(B.Com AA:1975)**

**အသက်(၆၈)နှစ်**

**ထီးချိုင့်/မြစ်ကြီးနား**

**အလုပ်အမှုဆောင်အဖွဲ့ဝင်(Eco- ၁၉၇၅ ဘွဲ့ရအသင်း)**

ရန်ကုန်မြို့၊ ၂၁၃(ပ-ထပ်)၊ ၃၉လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ဖြူဖြူစံ၏ခင်ပွန်း၊ မမြင့်မြင့်သန်း-မောင်မိုးမင်းအောင်၊ မောင်ကျော်ဇောတို့၏ဖခင်၊ ဦးမောင်သန်းသည် ၈-၄-၂၀၁၄(အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**Eco- ၁၉၇၅ ဘွဲ့ရအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးရွှေ အသက်(၈၃)နှစ်**

**ဥက္ကဋ္ဌ၊ ရွှေသဇင် ကုမ္ပဏီလီမိတက်**
**ဥက္ကဋ္ဌ၊ United GP Development Co.,Ltd**
**Jewel Collection Manufacturing Co.,Ltd**

ဝါဝါဝင်း၊ ရတနာနန်းတော်၊ စိန်နန်းတော်၊ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီးသည် ၆-၄-၂၀၁၄ရက်(တနင်္ဂနွေနေ့)ည ၉း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးကြင်-ဒေါ်ခင်မမ မိသားစု**
**AUNG KYUN THAR CO.,LTD.**
**MJL & AKT PETROLEUM CO.LTD(Mobil-1)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဆောင်**

**အသက်(၈၃)နှစ်**

**အိရွှေစင် ရတနာရွှေဆိုင်၊ ရွှေသဇင် ရတနာရွှေဆိုင်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၆၂/A)၊ ဓမ္မစေတီလမ်းနေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ ဦးခင်ဌေးမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်ကြည်၊ မတင်မျိုးခိုင်၊ ကိုအောင်မျိုး၊ မတင်လဲ့ခိုင်၊ မခင်မျိုးသန့်၊ ကိုကျော်စွာထွန်းတို့၏ ဖခင် ဦးတင်ဆောင်သည် ၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုသန်းဌေးအောင်(ခ)ကိုဌေး-မရည်ရည်မွန်**
**ရွှေကျင်စိန်ရွှေရတနာဆိုင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပိုလ်မှူးမျိုးညွန့်စိုး DSA(43)**

**အသက်(၃၅)နှစ်**

မမြသက်ထွန်း၏ ချစ်လှစွာသော ခင်ပွန်း ပိုလ်မှူးမျိုးညွန့်စိုးသည် ၄-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ယမင်းသူ**
**Car Rental**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒုပိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)

**ကြည်း-၈၇၃၄၊**

**တပ်မှူး(ငြိမ်း)ဗဟိုအင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ**
**ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး အင်ဂျင်နီယာ(ငြိမ်း)**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန**

အနိုင်းမဲ့ကျေးဇူးရှင် ဖေဖေ-ဒု-ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)ကွယ်လွန်ခဲ့သည်မှာ ၁၈-၄-၂၀၁၄ရက်တွင် (၁)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ဖေဖေ့အား နေ့စဉ်နေ့တိုင်း တမ်းတသတိရရင်း ပြုခဲ့သမျှသော ရည်စူးကုသိုလ်များနှင့် ယနေ့ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဖေဖေ့အတွက် လှူဒါန်းခဲ့သော တစ်နေ့တာ ဆွမ်းအာဟာရကုသိုလ်တို့အား ဖေဖေရောက်ရာဘုံဘဝမှ ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သောဘုံဘဝများသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းပါတယ် ဖေဖေ-----

**ချစ်ဇနီး-ဒေါ်စန်းရီမြင့်**
**ချစ်သားသမီးများ ကေသွယ်စန်း၊ ဝင်းမြတ်အောင်၊ သန္တာအောင်၊ အေးချိုဇင်**

## (၁)နှစ်ပြည့်အလွမ်း

## ဒုပိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)

**ကြည်း-၈၇၃၄၊**

**တပ်မှူး(ငြိမ်း)ဗဟိုအင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ**
**ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး အင်ဂျင်နီယာ(ငြိမ်း)**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန**

အချစ်ဆုံးအစ်ကိုတစ်ယောက် ညီမတို့နှင့်ခွဲခွာခဲ့တာ ၁၈-၄-၂၀၁၄ရက်တွင် (၁)နှစ်ပြည့်သော်လည်း နေ့စဉ် တမ်းတသတိရဆဲပါ။

ကိုကိုဝင်းမောင်အတွက် ရည်စူးပြီး ပြုပြုသမျှ ကုသိုလ်ကို အမျှ-အမျှ-အမျှ-ပေးဝေပါတယ်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ညီမလေး**
**မတင်ရည်**
**မြေးများ**
**ဟိဏ်းဆက်-အိမ့်မျက်သွယ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး နယ်စပ်ဒေသများရှိ ကျေးရွာများမီးလင်းရေးအတွက် အရည်အသွေးကောင်းမွန်သော ဆိုလာစနစ် တပ်ဆင်နိုင်ရေး ဘက်ထရီနှင့် ဆက်စပ်ပစ္စည်းများအပါအဝင် မြန်မာကျပ်ငွေဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၅-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်**

မွီး သတိပြု



## "Animation Contest for ASEAN 2014"

ASEAN မှ ဦးဆောင်ကျင်းပသော "Animation Contest for ASEAN 2014" ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ပြည်တွင်းအဆင့် ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်(၅)ဦးသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၁၈-၁၉)ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရမည့်အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။

(၁) ပြိုင်ပွဲဝင်ခေါင်းစဉ် - "ASEAN Copyright Awareness"
(၂) ပြိုင်ပွဲအမျိုးအမည် - Animation
(၃) ပြိုင်ပွဲဝင်မည့် Entry Works(soft copy)ပေးပို့ရမည့် ရက်စွဲနှင့်နေရာ
- (၂၅-၅-၂၀၁၄)ရက်မှ (၁၀-၆-၂၀၁၄)ရက်အထိ
www.aseananimationcontest.com/ MM@aseananimationcontest.com
(၄) ပြိုင်ပွဲဝင်မည့် Entry Works (hard copy)ပေးပို့ရမည့် ရက်စွဲနှင့်နေရာ
- (၂၅-၅-၂၀၁၄)ရက်မှ (၁၀-၆-၂၀၁၄)ရက်အထိ
- ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)
(၅) ရွေးချယ်ခံရသူစာရင်းထုတ်ပြန်ကြေညာမည့်ရက် - (၂၀-၆-၂၀၁၄)ရက်

**"အသေးစိတ်အချက်အလက်များအား"**
**www.aseananimationcontest.com တွင်**
**ဝင်ရောက်လေ့လာနိုင်ပါသည်။**
**(https://www.facebook.com/ip.myanmar) တွင်လည်းကောင်း၊**
**ဖုန်းနံပါတ်(၀၆၇- ၄၀၄၅၀၇)သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံခြားထောက်ပံ့လှူဒါန်းငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အခြေခံပညာမူလတန်းကျောင်း(၁၀)ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၅-၂၀၁၄ရက် (၁၆း၃၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ်(၄၂)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘိလပ်မြေ(၃၈၅၀၀၀)အိတ်ကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၀-၄-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်- ၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးရွှေ

## အသက်(၈၃)နှစ်

မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၏ ရာသက်ပန်နာယက
ကန်ဟာတုံ ဘုံကျောင်းအသင်း၏ ဒု-ဥက္ကဋ္ဌ
ကျိုက်လတ်မြို့နယ်အသင်း၏ဂုဏ်ထူးဆောင် နာယက၊
ဥက္ကဋ္ဌ၊ ရွှေသဇင်ကုမ္ပဏီလီမိတက်
ဥက္ကဋ္ဌ၊ United GP Development Co.,Ltd
Jewel Collection Manufacturing Co.,Ltd
ဝါဝါဝင်းပဲခွဲစက်၊ ဝါဝါဝင်းစိန်ရွှေရတနာဆိုင်၊
ရတနာနန်းတော်၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်၊
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်တို့၏ဖခင်ကြီး

ဒေါ်ယဉ်ယဉ်မွှေး၏ ချစ်လှစွာသော ဖခင်ကြီး ဦးရွှေသည် ၆-၄-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတိတ်ဂွမ်**
**ဦးစိန်ထွေး** **တော်ဝင်သဇင်ကုမ္ပဏီ**
**ဦးတင်ဝင်း**
**ဦးစိုးတင့်**
**ဦးတင့်အောင်-အောင်ကောင်ဦး Trading Co.,Ltd.**
**ဦးမောင်မောင် Century Camming Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြင်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ်(၂၃)နေ ဦးတင်မောင်(GDH Company Limited)၏ ချစ်လှစွာသော ဇနီး၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ်(TWJS Company Limited) (Ever Seiko Company Limited)၊ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(General Paints & Chemicals Industries Company Limited)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး(TWJS Company Limited)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ ယောက်၏ ချစ်လှစွာသောအဘွား ဒေါ်ကြင် အသက်(၇၂)နှစ်သည် ၂၇-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ Bumrungard International Hospital ၌ ကွယ်လွန်သွားပါသဖြင့် မိသားနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကြည်လွင်-မစိုးစိုးလင်း**
**555 သဘော်ဆေးနှင့် အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်**
**ပျဉ်းမနားမြို့**

ယနေ့ မာတိကာ

နိုင်ငံ့အတွက် အား(၃)အား
စာမျက်နှာ - ၂

နာမည်ဆိုးဖြင့် ကျော်ကြားသော အဘူဂါရိုပ်အကျဉ်းထောင် ပိတ်ပြီ
စာမျက်နှာ - ၄

အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်၍
စာမျက်နှာ - ၆

ရဟတ်ယာဉ်ဖြင့် နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်ရေများ ဖျန်းပက်မေတ္တာပို့သ
စာမျက်နှာ - ၇

ဘာစီလိုနာကို အနိုင်ရယူကာ စပိန်ကိုပါဒယ်ရေးဖလား ရီးယဲလ်မက်ဒရစ်ဆွတ်ခူး
စာမျက်နှာ - ၁၃

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများဖြင့် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများ၌ အထူးစည်ကား

**ရန်ကုန် မေ ၁၇**

ယနေ့သည် ၁၃၇၅ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၁၃၇၆ ခုနှစ် မြန်မာနှစ်သစ်သို့ ကူးပြောင်းသည့် မင်္ဂလာနေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ရှိ ပြည်သူများသည် နှစ်သစ်နှင့်အတူ ရွှင်လန်းတက်ကြွသော စိတ်သစ်ခွန်အားသစ်များဖြင့် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်း သီလဘာဝနာခံယူဆောက်တည်ကြသူများဖြင့် လည်းကောင်း၊ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာ ရုံးများ၊ ရပ်ကွက်များ၊ လမ်းများ၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသံများ၊ ကောင်းမှုကုသိုလ် အလှူဒါနပြုကြသူများဖြင့် လည်းကောင်း အထူးစည်ကားလျက်ရှိသည်ကို ဝမ်းမြောက်နှမော်သာဓုခေါ်ဖွယ်ရာအဖြစ် တွေ့ရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာအခမ်းအနား၊ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲအခမ်းအနားနှင့် အကြိမ်(၂၀)မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစ၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ကျင်းပသည်။ နံနက် ၅ နာရီတွင် ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ကြီးအား အရုဏ်ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ရောင်တော်ဖွင့်တန်ဆောင်း၌ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြကာ နံနက် ၇ နာရီတွင် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်၌ ငါးများ၊ ငှက်များကို ဘေးမဲ့လွှတ်ကာ ကုသိုလ်ယူကြသည်။

ယင်းနောက် ရင်ပြင်တော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ အကြိမ်(၂၀)မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စေတီတော်ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက မင်္ဂလသုတ်နှင့် မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၆ ခုနှစ် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အခမ်းအနားကို စေတီတော်ရင်ပြင်အာရုံခံတန်ဆောင်း၌ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ အလှည့်ကျ သဘာပတိ ဦးထွန်းဝင်းက နှစ်သစ်မင်္ဂလာအခါတော်နေ့အကြောင်း ဓမ္မပူဇာမင်္ဂလာ ထောမနာစကားကို ပြောကြားပြီး ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက မင်္ဂလသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဆိုပူဇော်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ✽



ရွှေတိဂုံစေတီတော်တွင် ကောင်းမှုကုသိုလ် အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲကျင်းပစဉ်။ (သတင်းစဉ်)

# နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ဘေးမဲ့သက်လွှတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် စတင်သည့် နှစ်သစ်ကူးအခါသမယဖြစ်သည်နှင့်အညီ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများအတိုင်း အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်းနှင့် ဘေးမဲ့သက်လွှတ်ပွဲများကို နေပြည်တော်တစ်ဝန်းလုံး၌ နံနက်မိုးသောက်ချိန်မှ စတင်၍ ကုသိုလ်ဘာဝနာပွားများကြသည့် အသံများဖြင့် ဝေစည်လျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဆဋ္ဌမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ကျင်းပရာ ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖



# GREAT DIAMOND GEMS & JEWELLERY

## နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

**ဂရိတ်ဒိုင်မွန်** စိန်ရတနာဆိုင် မှ ခေတ်မီ ဆန်းသစ် လှပသော ဒီဇိုင်းများဖြင့် ပြုလုပ်ထားသည့် အရည်အသွေးမြင့်
ကောင်းမွန်သော စိန်နှင့်ကျောက်မျက် လက်ဝတ်ရတနာ များကို အစဉ်တစိုက် ဝယ်ယူအားပေးလျက်ရှိသော ဂုဏ်သရေရှိ
မိတ်သစ်၊ မိတ်ဟောင်း၊ မိတ်ဆွေသင်္ဂဟ အပေါင်းနှင့်
မြန်မာပြည်သူ၊ ပြည်သား၊ ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်းတို့သည် ... နှစ်သစ်မင်္ဂလာ အခါသမယ တွင်
ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာဖြင့် စီးပွားဥစ္စာ ဝိရေအလား တိုးတက် အောင်မြင် ကြီးပွား
ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။



မေတ္တာဖြင့်
GREAT DIAMOND GEMS & JEWELLERY
ဂရိတ်ဒိုင်မွန် စိန်ရတနာဆိုင် မိသားစု

No. 273(A), 80th Street, Bet: 32nd & 33rd Street, Mandalay. Ph: 02-35235, 02-71222

Shop House No. 10, Junction Square, Bet: Kyan Taw Street & Pyay Road, Yangon. Ph: 01-2304444


## အများသိစေရန်ကြေညာချက်

| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## အများသိစေရန်ကြေညာချက်

| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## နှစ်သစ်မင်္ဂလာဆုမွန်လွှာ

ပေါ်ပြူလာစတား ပြည်တွင်း ၊ ပြည်ပ ခရီးသွား ကုမ္ပဏီ ၏ ပြည်တွင်း ခရီးစဉ်များ နှင့် ဗုဒ္ဓဂယာသာသနာပြုဘုရားဖူး ခရီးစဉ်များတွင်တစ်ခဲနက်အားပေးလိုက်ပါခဲ့ကြပြီး ကုမ္ပဏီ ၏ ခရီးစဉ်များအတွက် အကြံဉာဏ်ကောင်းများ နှင့် ဆုမွန်ကောင်း များ ပို့သပေးခဲ့ကြသော ခရီးသွားဧည့်မိတ်ဆွေအပေါင်း နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်း ရှင်လူ ပြည်သူအပေါင်း တို့အား အတာနှစ်ကူး နှစ်သစ်ဦး မှစ၍ စိတ်ချမ်းသာ ၊ ကိုယ်ကျန်းမာစွာဖြင့် မိမိတို့လိုအင်ဆန္ဒများတစ်လုံးတစ်ဝတည်း ပြည့်ဝကြပြီးမှျှင်နိုင်ငံအကျိုး ဘာသာ သာသနာအကျိုးတို့ကို ဆောက်ထမ်းပြီး ရွက်ဆောင်နိုင်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာဆုမွန်လွှာ ပို့သအပ်ပါသည်။

**ဒေါက်တာမိုးသီဟ၊ကိုလှမျိုး နှင့် ပေါ်ပြူလာစတား အဖွဲ့သားများ**



NAYAR DR NYAN LIN'S ACADEMY OF EDUCATION, Private High School






## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစာရင်းအင်းအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Personal Computer(Branded) | 35 Nos. |
| (ခ) | Laser Printer (Canon LBP-2900) | 24 Nos. |
| (ဂ) | Fax Machine | 15 Nos. |

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၂၂-၄-၂၀၁၄ရက်မှ ၂၈-၄-၂၀၁၄ရက်ထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၂၉-၄-၂၀၁၄ရက်၊ နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်အချိန် - ၂၉-၄-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၁-၆၅၇၃၀၇၊ ၀၆၇-၄၀၆၃၄၇ နှင့် ၀၆၇-၄၀၆၃၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ်(၃၂)၊ နေပြည်တော်**


OASIS
ချောင်းသာ
စားသောက်ဆိုင်


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၅၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၀/ခ)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်စန်းလှ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းလှ ကွယ်လွန်သဖြင့် ဦးခင်ချို[၁၂/ဥကတ(နိုင်)၀၃၇၈၁၀]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၅၈(၂၁-၁-၁၄)ဖြင့် GP ဒေါ်စန္ဒာချို[၁၂/ဥကတ(နိုင်)၀၀၀၃၄၃]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၆၉၉၉(၄-၃-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/၂)၊ မြေကွက်အမှတ်(၁၂၄)၊ မြေကွက်တည်နေရာအမှတ်(၁၂၄)၊ (၁၃) လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးမျိုးအောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမျိုးအောင် [၈/ပခက(နိုင်)၀၃၃၃၁၀]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြရန် ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈/၁၁၊ မြေကွက်အမှတ်(၃၉၇)၊ မြေကွက်တည်နေရာအမှတ်(၃၉၇)၊ ချယ်ရီပတ်လမ်း၊ ရွှေပြည်သာမြို့နယ် ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ(ငြိမ်း) [၄/ဟခန(နိုင်)၀၀၉၅၇၈]ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**


## မြေကွက်ဝယ်လိုသည်

09 31589922
09 31268183


## စာအုပ်စာပေလှူ့မိတ်ဆွေ


တဆိတ်ကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့

“မုံရွာဆရာဖိုး” ၏



ကျောက်တစ်လုံးဝမ်းမှန်ဆေး

